စိတ်ကူးချိုချိုအနုပညာ

# ဗမာ့သမိုင်း ပုံပြင်များ

ဦးဘသောင်း၊ ဦးအုန်းဖေ
ဦးဝန်၊ ဦးသိန်းဟန်

ပန်းချီသရုပ်ဖော်
ဦးငွေကိုင်

ပြန်လည်ဖြည့်စွက်ရိုက်နှိပ်ခြင်း



mgyoe.com



၁၉၄၃ ခုနှစ်က
ပညာရေးဌာန၊ စာပေနှင့်
စာကြည့်တိုက်ဌာနခွဲမှ ထုတ်ဝေသည့်
ဦးဝန်(ဆရာမင်းသုဝဏ်)နှင့်
ဦးသိန်းဟန်(ဆရာဇော်ဂျီ)တို့
တည်းဖြတ်ခဲ့သော
ဗမာ့သမိုင်းပုံပြင်များ စာအုပ်ကို
ဆရာမင်းသုဝဏ်၏
ပုံပြင်ပေါင်းချုပ်များတွင်
မပါဝင်သေးသော ၁၉၅၇ ထုတ်
Burmese Chrestomathy မှ
ပုံပြင် ၇ ပုဒ်ဖြည့်စွက်ကာ
ပြန်လည်ထုတ်ဝေပါသည်။

KLS0081
2,000.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဇန်နဝါရီလ၊ ပြန်လည်ပြုပြင်စက်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

ဝဟ့သမိုင်းပုံပြင်များ
ဦးဘသောင်းနှင့်အခြား - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၅၊
စာမျက်နှာ ၁၃၄ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ဝဟ့သမိုင်းပုံပြင်များ

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# ဗမာ့သမိုင်းပုံပြင်များ

ဦးဘသောင်း၊ ဦးအုန်းဖေ၊
ဦးဝန်၊ ဦးသိန်းဟန်

ပန်းချီသရုပ်ဖော်–ဦးငွေကိုင်

ပြန်လည်ဖြည့်စွက်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

ပြည့်စွက်ထားသောပုံပြင်များအတွက်
သရုပ်ဖော်ပုံများကို နိုင်လင်း ရေးဆွဲထားပါသည်။

mgyoe.com

mgyoe.com

# ဗမာ့သမိုင်းပုံပြင်များ

ဦးဘသောင်း၊ ဦးအုန်းဖေ၊ ဦးဝန်၊ ဦးသိန်းဟန်

## မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | က |
| ၁။ | ဗမာနှင့်ချင်း ဆွေမျိုးရင်း | ၁ |
| ၂။ | မောင်ဒီ | ၃ |
| ၃။ | ထို့မဲပါ ခေါ် မောင်သန်လျင် | ၇ |
| ၄။ | ပျူမင်းထီး | ၁၁ |
| ၅။ | ကျွဲများရှင် | ၁၅ |
| ၆။ | မောတို့သမိုင်း | ၁၉ |
| ၇။ | ဗမာသက္ကရာဇ် | ၂၁ |
| ၈။ | ဗမာနိုင်ငံနှင့် ဗုဒ္ဓသာသနာ | ၂၃ |
| ၉။ | ဓညဝတီ မျိုးသာကီ | ၂၈ |
| ၁၀။ | ဥသာပဲခူးကို ဂွမ်းစစ်သည်တို့ တိုက်စဉ်က | ၃၀ |
| ၁၁။ | ဗမာ့စပါးကျီ | ၃၂ |
| ၁၂။ | ကျန်စစ်သား ထီးနန်းရပုံ | ၃၄ |
| ၁၃။ | ပုဂံရွှေစည်းခုံ စေတီတော် | ၃၇ |
| ၁၄။ | စာပေအစ | ၄၀ |
| ၁၅။ | ကျန်စစ်သားနှင့် ရာဇကုမာရ် | ၄၃ |
| ၁၆။ | အလောင်းစည်သူမင်းကြီး | ၄၅ |
| ၁၇။ | မျိုးတူ နွယ်တူ ဝိုင်းဝန်းကူ | ၄၈ |


mgyoe.com

mgyoe.com
၁၈။ လွှတ်တော် ဖြစ်ပေါ်လာပုံ ၅၁
၁၉။ သူရဲကောင်း ဓမ္မဇေယ ၅၃
၂၀။ အမတ်ကြီး ရာဇသင်္ကြံ ၅၆
၂၁။ ပုဂံအာဇာနည်ရဟန်းတော် ရှင်ဒိသာပါမောက် ၅၉
၂၂။ မင်းညီနောင်သုံးပါး ၆၄
၂၃။ အင်းဝတည်ခန်း ၆၆
၂၄။ ရမည်းသင်းစား သီလဝ ၆၈
၂၅။ ဝန်စင်း ဖိုးရာဇာ ၇၀
၂၆။ သူရဲကောင်း သမိန်ပရမ်း ၇၂
၂၇။ ဗညားနွဲ့နှင့် ဗျည်းနွဲ့ ၇၆
၂၈။ ဗိုလ်မင်း သမိန်ဖြတ်စ ၇၉
၂၉။ ဆင်လိမ္မာ ဗကမတ် ၈၂
၃၀။ ဒလတိုက်ပွဲ ၈၅
၃၁။ ဒုတိယ ရာဇသင်္ကြံ ၈၇
၃၂။ စစ်ကိုင်း စည်သူကျော်ထင် ၈၉
၃၃။ ဘုရင်မ ရှင်စောပု ၉၁
၃၄။ ဓမ္မစေတီမင်း ၉၄
၃၅။ မင်းကြီးရန်နောင် ၉၆
၃၆။ တပင်ရွှေထီး ဟံသာဝတီ၌ ရာဇဘိသိက်ခံခြင်း ၉၉
၃၇။ ဘုရင့်နောင်နှင့် နောင်ရိုးစစ်ပွဲ ၁၀၁
၃၈။ ဘုရင့်နောင်နှင့် ပြည်ရေကြောင်းစစ်ပွဲ ၁၀၄
၃၉။ ဘုရင့်နောင်နှင့် ရှမ်းပြည် ၁၀၆
၄၀။ မဟာပညာကျော် ၁၀၈
၄၁။ အနောက်ဘက်လွန်မင်း ငဇင်ကာကို ဆုံးမပုံ ၁၁၁
၄၂။ သာလွန်မင်းတရား ၁၁၃
၄၃။ အလောင်းမင်းတရား ၁၁၄
၄၄။ တရုတ်–ဗမာ စစ်ပွဲ ၁၁၆
mgyoe.com

၄၅။ အသစ်တိုးလာသော စာပေ ၁၁၈
၄၆။ မဟာဗန္ဓုလ ၁၂၁
၄၇။ မက္ခရာမင်းသားကြီး ၁၂၄
၄၈။ မင်းတုန်းမင်းတရားကြီး ၁၂၆
၄၉။ ယောအတွင်းဝန် ဦးဖိုးလှိုင် ၁၂၉

– ၁၉၅၇ ခုနှစ်ထုတ် Burmese Chrestomathy မှ ထပ်မံဖြည့်စွက်သည့် ဆရာမင်းသုဝဏ်(ဦးဝန်)၏ပုံပြင်များ
၅၀။ မျောက်နဲ့ မိကျောင်းအကြောင်း ၁၃၂
၅၁။ ယုန်ငယ်အကြောင်း ၁၃၅
၅၂။ ယုန်မင်းဝတ္ထု ၁၄၀
၅၃။ ကျီးနဲ့ ခင်ပုပ်တို့ ကမ္ဘာ့ရန်အကြောင်း ၁၄၄
၅၄။ သမင်၊ လိပ်၊ ခေါက်ရှာငှက် မိတ်ဆွေသုံးဦးတို့အကြောင်း ၁၄၆
၅၅။ စကားများလို့ ပျက်စီးရတဲ့ လိပ်အကြောင်း ၁၅၀
၅၆။ ကျီးအဖိုးတန်ခြင်းအကြောင်း ၁၅၂

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စာပေနှင့် စာကြည့်တိုက်ဌာနခွဲမှ ၁၉၃၄ တွင် ပထမအကြိမ်ထုတ်ဝေရာတွင် ဖော်ပြခဲ့သော နိဒါန်း

ငါတို့၏ ဘိုးဘေးဘီဘင်များသည် ဗမာနိုင်ငံ၏ အကျိုးငှာ မိမိတို့၏ အသက်စည်းစိမ်ကို ဖွဲ့သတ္တိကြီးစွာဖြင့် စွန့်ခဲ့ကြလေသည်။ မှန်ကန်သောတရားကို နှစ်သက်ကြလေသည်။ ကောင်းမြတ်သောစိတ်ထားကို မွေး၍ ကောင်းမြတ်သောအကျင့်ကို ကျင့်ခဲ့ကြလေသည်။ ကောင်းမြတ်သော ပညာ၊ ကောင်းမြတ်သော ယဉ်ကျေးမှုတို့ကို ဆောင်ယူ၍ မိမိတို့၏ဉာဏ်အားကို ဖြည့်တင်းခဲ့ကြလေသည်။

ထို့ကြောင့်ပင်လျှင် ဗမာနိုင်ငံသည် ယခုထက်တိုင် ဗမာဟူသော နာမည်တစ်လုံးနှင့် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်စာပေ၊ ကိုယ့်စီးပွားနှင့် ခိုင်မြဲလျက် ရှိသည်။ ယင်းသို့ရှိနေခြင်းသည် ငါတို့၏ ဘိုးဘေးဘီဘင်များက ငါတို့အား အပ်နှင်းခဲ့သော အမွေအနှစ်ဖြစ်လေရာ ထိုအမွေအနှစ်ကို ကြီးပွားစည်ကားအောင် ဆက်လက်ဆောင်ရွက်ရန်မှာ ငါတို့ခေတ်သစ် ဗမာများ၏ တာဝန် ဖြစ်သည်။

ဤစာအုပ်၌ ပါသောပုံပြင်များသည် ဘိုးဘေးဘီဘင်များ၏ ဖွဲ့သတ္တိ စိတ်နေစိတ်ထား အပြုအမူတို့ကို ကြေးမုံသဖွယ် ဖော်ပြထားသော ပုံပြင်များဖြစ်သည်။ ထိုပုံပြင်များကို ရာဇဝင်အစောင်စောင်မှ လည်းကောင်း၊ ရှေးဟောင်းစာတမ်းများမှလည်းကောင်း ရွေးချယ်ကောက်နုတ်၍ ရေးသားသည်။ ရေးရာတွင် အခြေခံအကြံဉာဏ်ပေးခဲ့သော ဤဌာနခွဲ၏ နိုင်ငံသမိုင်း အတိုင်ပင်ခံ အဖွဲ့ဝင် သခင်ကိုယ်တော်မှိုင်း၊ ဆရာအတတ်သင်ကျောင်းအုပ်ကြီး ဦးဘ၊ အရှေ့အာရှတိုက်

mgyoe.com

mgyoe.com

လူငယ်များအစည်းအရုံး၏ ဉာဏဗလတာဝန်ခံ ဦးဘရှင်တို့ကို ကျေးဇူးတင်ပါသည်။

## ပုံပြင်ဟောင်း ၄၉ ပုဒ်အနက်

ဥသာပဲခူးကို ဂျွမ်းစစ်သည်တို့ တိုက်စဉ်က၊ ဗမာ့ စပါးကျီ၊ ကျန်စစ်သားထီးနန်းရပုံ၊ အလောင်းစည်သူမင်းကြီး၊ အမတ်ကြီးရာဇသင်္ကြံ၊ အင်းဝတည်ခန်း၊ ရမည်းသင်းစား သီလဝ၊ ဝန်စင်းဖိုးရာဇာ၊ သူရဲကောင်း သမိန်ပရမ်း၊ ဗညားနွဲ့နှင့် ဗျည်းနွဲ့၊ ဆင်လိမ္မာ ဗကမတ်၊ ဒလတိုက်ပွဲ၊ သာလွန်မင်းတရား၊ အလောင်းမင်းတရား၊ တရုတ်–ဗမာစစ်ပွဲ၊ ယောအတွင်းဝန် ဦးဖိုးလှိုင်တို့ကို ဦးဘသောင်း ရေးသည်။

ပျူမင်းထီး၊ ဗိုလ်မင်း သမိန်ဖြတ်စ၊ ဒုတိယရာဇသင်္ကြံ၊ စစ်ကိုင်းစည်သူကျော်ထင်၊ ဘုရင်မရှင်စောပု၊ ဓမ္မစေတီမင်း၊ ဘုရင့်နောင်နှင့် နောင်ရိုးစစ်ပွဲ၊ ဘုရင့်နောင်နှင့် ပြည်ရေကြောင်းစစ်ပွဲ၊ ဘုရင့်နောင်နှင့် ရှမ်းပြည်၊ အနောက်ဘက်လွန် မင်းဇင်ကာကို ဆုံးမပုံ၊ မဟာဗန္ဓုလတို့ကို ဦးအုန်းဖေ (တက်တိုး) ရေးသည်။

ဗမာနှင့်ချင်းဆွေမျိုးရင်း၊ မောင်ဒီ၊ ထို့မဲပါခေါ် မောင်သန်လျင်၊ ကျွဲများရှင်၊ မောတို့သမိုင်း၊ ဓညဝတီ မျိုးသာကီ၊ ပုဂံရွှေစည်းခုံစေတီတော်၊ စာပေအစ၊ ကျန်စစ်သားနှင့် ရာဇကုမာရ်၊ မျိုးတူနွယ်တူ ဝိုင်းဝန်းကူ၊ သူရဲကောင်း ဓမ္မဇေယ၊ ပုဂံအာဇာနည် ရဟန်းတော် ရှင်ဒိသာပါမောက်၊ မဟာပညာကျော်တို့ကို ဦးဝန် ရေးသည်။

ဗမာသက္ကရာဇ်၊ ဗမာနိုင်ငံနှင့် ဗုဒ္ဓသာသနာ၊ လွှတ်တော် ဖြစ်ပေါ်လာပုံ၊ မင်းညီနောင်သုံးပါး၊ မင်းကြီးရန်နောင်၊ တပင်ရွှေထီး၊ ဟံသာဝတီ၌ ရာဇာဘိသိက်ခံခြင်း၊ အသစ်တိုးလာသော စာပေ၊ မက္ခရာမင်းသားကြီး၊ မင်းတုန်းမင်းတရားကြီးတို့ကို ဦးသိန်းဟန် ရေးသည်။

*စာပေနှင့် စာကြည့်တိုက်ရေးမှူး*

mgyoe.com

mgyoe.com

# ဗမာနှင့်ချင်း ဆွေမျိုးရင်း

ဦးဝန်

ရှေးရှေး ကမ္ဘာတည်ဦးစအခါက ကမ္ဘာပေါ်တွင် တောတောင် မြစ်ချောင်းများ ရှိသည်။ ကွင်းပြင် စိမ့်စမ်းများရှိသည်။ ဆင် မြင်း ကျွဲ နွားများလည်း ရှိသည်။ သို့သော်လည်း လူများမရှိသေးချေ။ ထို့ကြောင့် ကမ္ဘာစောင့်နတ်ကြီးသည် လူဖန်ဆင်းရန်အလို့ငှာ ဗမာဥတစ်လုံးနှင့် ချင်းဥတစ်လုံးကို ဥလေသည်။

ဗမာဥကို ကမ္ဘာစောင့်နတ်ကြီးသည် ဝါခင်းထဲက ဝါဂွမ်းပုံပေါ်တွင် အသာအယာတင်ထားသည်။ ဝါဂွမ်းသည် နူးညံ့၍ ပူနွေးသောကြောင့် ဗမာဥသည် တစ်နေ့တခြား ရင့်မာလာပြီးလျှင် အချိန်စေ့ရောက်သောအခါ ဗမာကလေး ပေါက်လာလေသည်။

ချင်းဥကို ကမ္ဘာစောင့်နတ်ကြီးသည် အလွန်လုံခြုံသော ကြေးနီဘူးတွင် ထည့်ထားလေသည်။ သို့သော်လည်း ကြေးနီမှာ ဝါဂွမ်းကဲ့သို့ မနူးညံ့ချေ၊ မပူနွေးချေ။ ထို့ကြောင့် ချင်းဥမှာ ရက်ပေါင်းများစွာကြာသော်လည်း မပေါက်ဘဲ ရှိလေသည်။ ထိုအခါ ကမ္ဘာစောင့်နတ်ကြီးသည် ချင်းဥကို ကြေးနီဘူးမှ ထုတ်ယူ၍ မြစ်ရေတွင် မျှောချလိုက်လေသည်။

ထိုမြစ်၏ကမ်းနဖူး သာယာသောနေရာတစ်ခု၌ ငှက်တော်တစ်ကောင်သည် မြစ်ဘက်ကို မျက်နှာပြု၍ နားနေလေသည်။ ထိုခဏ၌ ပေါလာပေါ်လော

mgyoe.com

နှင့် မျောလာသော ချင်းဥဖြူဖြူကြီးကိုမြင်၍ ဆယ်ယူပြီးလျှင် ဝါးရုံထဲရှိ မိမိ အသိုက်တွင် အသာအယာထည့်ထားလေသည်။ ထို့ပြင် ချင်းဥကို မိမိ၏ ဥရင်းပမာ နေ့စဉ်ညစဉ် စောင့်ရှောက်၍ ဥပေါ်တွင် ဝပ်လေသည်။ ဤသို့ဖြင့် ချင်းဥမှာ တစ်နေ့တခြား ရင့်မာလာ၍ အချိန်စေ့ရောက်သောအခါ ချင်းကလေးကို ပေါက် ဖွားလေသည်။

ထိုအခါ ဖခင် ကမ္ဘာစောင့်နတ်ကြီးသည် ဗမာနှင့်ချင်း ညီအစ်ကို နှစ် ယောက်အား လုပ်ကိုင်စားသောက်ဖို့ရန် ကျွဲ နွား ဆင် မြင်းတို့ကို ပေးလေသည်။ ဗမာသည် ကျွဲနှင့်နွားကိုရ၍ ချင်းသည် ဆင်နှင့်မြင်းကို ရလေသည်။ သို့သော် လည်း ညီဖြစ်သော ချင်းငယ်သည် မြစ်ဝှမ်းမြေပြင်၌ မပျော်။ တောထဲ တောင်ပေါ် ၌သာ ကျေးငှက်သာရကာတို့နှင့်အတူ ပျော်ပျော်ပါးပါးနေလိုသည်ဟု ဆိုကာ ဆင် နှင့်မြင်းကို အစ်ကို ဗမာအားပေးခဲ့၍ တောထဲ တောင်ပေါ်သို့ တက်သွားလေသည်။ ဗမာမှာကား ဆင် မြင်း ကျွဲ နွားတို့ကိုကျောင်း၍ မြစ်ဝှမ်းမြေပြင်တွင် ကျန်ရစ်ခဲ့ လေသည်။

ထိုအခါမှစ၍ "ချင်းနှင့်ဗမာ ဆွေရင်းချာ။ ဗမာနှင့်ချင်း ဆွေမျိုးရင်း" ဟူ သောစကား ပေါ်လာလေသတည်း။ ။

❖

mgyoe.com

mgyoe.com

# မောင်ဒိ

## ဦးဝန်

ရှေးသရောအခါ ကရင်မင်းသမီးကလေးတစ်ပါးသည် မွန်ဆင်ထိန်းတစ်ဦးနှင့် ချစ်ကြိုက်၍ တောထဲသို့ ထွက်ပြေးလေသည်။ သူတို့ ဇနီးမောင်နှံသည် တောထဲ၌ သစ်သီးသစ်ဥရှာ၍ စားကြသည်။ ပျားရည်ရှာ၍ သောက်ကြသည်။ ညအခါ ညောင်ပင်ကြီးတစ်ပင်၏ မြစ်ပျဉ်းကြားတွင် အိပ်ကြသည်။ ကာလအတော်ကြာသောအခါ သားတော်ကလေးတစ်ပါးကို ဖွားမြင်လေသည်။ သားတော်ကလေးကို ညောင်ကိုင်းတွင် နွယ်ပုခက်ဆင်၍ သိပ်ထားကာ မင်းသမီးကလေးနှင့် ဆင်ထိန်းသည် သစ်သီး သစ်ဥ ပျားရည် ပျားဖယောင်း အရှာသွားရာလမ်းတွင် တောကျားကြီး ကိုက်၍ ဆုံးရှာကြလေသည်။

ပုခက်ထဲတွင်ကျန်ခဲ့သော သားတော်ကလေးကိုကား ညောင်ပင်တွင် နားနေသော ဝန်ပိုငှက်ကြီး လင်မယား ချီယူသွား၍ သစ်ပုပ်ပင်ကြီးရှိ အသိုက်ထဲတွင် ထားကာ မွေးမြူကြလေသည်။ သားတော်ကလေးသည် အသိုက်ထဲရှိ ငှက်ဥခွံကြီးတစ်ခုတွင် အိပ်လေ့ရှိသောကြောင့် သူ့ကို 'မောင်ဒိ' ဟုခေါ်ကြလေသည်။ 'ဒိ' ဆိုသည်မှာ ကရင်စကားဖြစ်၍ မြန်မာလို 'ဥ' ဖြစ်လေသည်။

မောင်ဒိသည် အတော်ကြီးလာသောအခါ စင်ရော်ငှက်အရေကို တဲအပ်နှင့် သီ၍ ဝတ်လေသည်။ တစ်ခါတစ်ရံ သစ်ရွက်များကို စပ်၍ဝတ်လေသည်။ နေ့အခါ

mgyoe.com

mgyoe.com



မောင်ဒီကို ငှက်ကြီးဝန်ပို ချီယူသွားလေ၏

များ၌ ပင်လယ်သို့ ဆင်းကာ ငါးမျှား၍ရသော ငါးကို မီးကင်စားလေသည်။ ပင်လယ်ထဲတွင် ရွက်ဖြူကြီးများကို မြင်လေသည်။ မောင်ဒီမှာ ငှက်ရေကိုဝတ်၍ သင်္ဘောပေါ်က လူများမှာ အဝတ်ကို ဝတ်ကြသည်ကို မြင်ရသောအခါ မောင်ဒီ

mgyoe.com

mgyoe.com
သည် အဝတ်ဝတ်ချင်စိတ် ပေါ်လာလေသည်။

တစ်နေ့သောအခါ မောင်ဒီသည် အလွန်လှပသော ငါးကြင်းကြီးတစ်ကောင်ကို ရလေရာ ဝါးဖြင့်ညှပ်၍ မီးကင်နေလေသည်။ ထိုအခိုက်၌ သင်္ဘောကြီးတစ်စင်း လွင့်လာသည်ကို မြင်၍ ဒါင်ရွက်ကြီးတစ်ခုကို ချူးကာ အလံကဲ့သို့ ထောင်ပြသောအခါ သင်္ဘောကြီး ဆိုက်ကပ်လာလေသည်။ သင်္ဘောသူကြီးနှင့် မောင်ဒီ တွေ့ကြသောအခါ မောင်ဒီက ငါးကြင်းကင်နှင့် အဝတ်အထည်ကို လဲပါဟုပြော၍ လဲယူကြပြီးလျှင် သင်္ဘောလည်း မွန်ဘုရင်ကြီး နန်းစံသော မြို့ဆီသို့ လွင့်သွားပြန်လေသည်။

ထိုအခါ မွန်ဘုရင်ကြီးမှာ ခေါင်းကိုက်ရောဂါစွဲကပ်နေလေသည်။ သမားတော်များ ကြိုးစားကုသသော်လည်း မသက်သာလေ။ ခေါင်းတွင် ဆီမီးစက်ခေါ်သော ပိုးကောင်များ ဝင်၍ကိုက်ခဲနေသည်ဟု ပြောကြလေသည်။ သင်္ဘောသူကြီးသည် ရောဂါခံစားနေရသော မွန်ဘုရင်ကြီးကို ငါးကြင်းကင် သွားရောက်ဆက်သလေသည်။ ငါးကင်အနံ့ကိုရလျှင် ဘုရင်ကြီးမှာ တစ်မျိုးသက်သာလေသည်။ ထို့ကြောင့် ငါးကင်ကြီးကို ပိတ်ဖြင့်ပတ်၍ ခေါင်းအောက်တွင်ထားကာ အိပ်လေသည်။ ညရောက်သောအခါ ဘုရင်ကြီး၏ခေါင်းထဲ၌ ကိုက်ခဲနေသော ဆီမီးစက်ပိုးတို့သည် ငါးကင်အနံ့ကိုရ၍ ထွက်လာကြပြီးလျှင် ငါးကင်ကို စားကြလေရာ ဘုရင်ကြီးမှာ ခေါင်းကိုက်ရောဂါ တစ်ခါတည်း ပျောက်သွားလေတော့သည်။

မွန်ဘုရင်ကြီးသည် ခေါင်းကိုက်ရောဂါ ပျောက်သွားသောအခါ ငါးကြင်းကင်ကိုပေးလိုက်သော မောင်ဒီအား အလွန်ကျေးဇူးတင်သောကြောင့် သမီးတော်နှင့် လက်ထပ်ကာ အိမ်ရှေ့အရာပေးမည်ဟု မိန့်တော်မူလေသည်။ ထို့နောက် သမီးတော်ကို ခေါ်၍ မောင်ဒီရှိရာ ပင်လယ်ကမ်းခြေသို့ သွားပြီးလျှင် မောင်ဒီကို အပါခေါ်ခဲ့ရမည်ဟု ခိုင်းလေသည်။ သမီးတော်လည်း အပျိုတော်များခြံရံ၍ ပင်လယ်သို့ သွားလေသည်။ မောင်ဒီတို့ နေရာသို့ရောက်သောအခါ လူရိုင်းမကလေးကဲ့သို့ သစ်ရွက်ကိုဝတ်၍ ငါးမျှားနေရာ တစ်နေ့သ၌ မင်းသမီးကလေးသည် မောင်ဒီနှင့် ပင်လယ်ကမ်းပါး၌ တွေ့ကြလေသည်။ တစ်နေ့တစ်နေ့နှင့် သူတို့နှစ်ဦးမှာ အသိမိတ်ဆွေဖြစ်လာကာ နောက်ဆုံး၌ ချစ်ကြိုက်ကြ၍ လင်မယား ဖြစ်ကြလေသည်။

တစ်ညနေတွင် မင်းသမီးကလေးနှင့် မောင်ဒီသည် ပင်လယ်ကမ်း ကျောက်
mgyoe.com

mgyoe.com
ဆောင်တစ်ခုပေါ်တွင် ထိုင်၍ စကားပြောနေကြလေသည်။

မင်းသမီး။ ။ "မောင်မောင်ဒီ၊ ဟောသည် ပင်လယ်ကြီးရဲ့ ဟိုဘက်ကမ်းမှာ နှမတော်တို့ နေပြည်တော် ရှိပါတယ်။ နှမတော်ရဲ့ ဖခင်ဟာ ရှင်ဘုရင်တစ်ပါးဖြစ်တဲ့အတွက် နန်းတော်ကြီးနဲ့ နေပါတယ်။ စားစရာတွေ၊ သောက်စရာတွေလည်း အင်မတန်ပေါပါတယ်။ လိုက်ခဲ့ပါလား"

မောင်ဒီ။ ။ "နှမတော်၊ ကျွန်ုပ်သည် တောထဲမှာပဲ ပျော်တယ်။ ငါးကိုမျှားပြီး ကင်စားမယ်၊ ပျားအုံကို ဖွပ်ပြီး ပျားရည်သောက်မယ်၊ ပိန္နဲသီးတွေ၊ နာနတ်သီးတွေကို ခူးစားမယ်။ သစ်ရွက်တွေကို သီပြီး ဝတ်မယ်။ ဘာလိုသေးသလဲ နှမတော်"

မင်းသမီးကလေးသည် ဤသို့ဖြင့် မောင်ဒီကို မကြာခဏ ခေါ်လေသည်။ မောင်ဒီလည်း ဤသို့ပင် မကြာခဏ ငြင်းလေသည်။ ထို့ကြောင့် မင်းသမီးကလေးသည် တောထဲတွင် ပုန်းနေသော အပျိုတော်များကိုခေါ်၍ မောင်ဒီကို ဖမ်းလေသည်။ မောင်ဒီလည်း လွတ်အောင်ပြေးလေသည်။ နောက်ဆုံး၌ သစ်ပုပ်ပင်ကြီးကို တက်ပြေးရာ ကြောက်ကြောက်လန့်လန့်ဖြစ်သောကြောင့် သစ်ပင်ထက်မှ လိမ့်ကျကာ အသက်ဆုံးရှာလေတော့သည်။ ထိုအခါ မင်းသမီးကလေးသည် မောင်ဒီအလောင်းကို ပိုက်ဖက် ငိုကြွေးနေရာ ဝန်ပိုင်ငှက်ကြီး လင်မယား ရောက်လာကြလေသည်။ ငှက်ကြီးများလည်း ငိုကြွေးကြ၍ မောင်ဒီ၏ အကြောင်းအရာကို အစက အဆုံးတိုင် ပြောပြကြလေသည်။ မောင်ဒီကို ညောင်ပင်အောက် နွယ်ပုခက်ထဲမှ ချီယူလာစဉ်က မောင်ဒီ၏လည်ပင်းတွင် ပါလာသော လည်ဆွဲပုတီးလုံးနှစ်ခုကိုလည်း ထုတ်ပေးလေသည်။ လည်ဆွဲများမှာ အခြားမဟုတ်။ မောင်ဒီ၏ မယ်တော်ကရင်မင်းသမီးပန်သော ဖက်လိပ်နားတောင်းများဖြစ်လေ၍ ဖြန့်လိုက်သောအခါ အတွင်းဘက်၌ စာများ ရေးထားသည်ကို တွေ့ရလေသည်။ စာတွင်ပါသည်ကား မောင်ဒီသည် ကရင်မင်းသမီးနှင့် မွန်ဆင်ထိန်းတို့၏သားဖြစ်ကြောင်းဖြစ်လေသည်။ မွန်ဆင်ထိန်းမှာလည်း အခြားမဟုတ်၊ မွန်ဘုရင်ကြီး၏ တူတော်ဖြစ်ကြောင်း၊ တိုင်းရေးပြည်ရေး မသာယာသောကြောင့် ဆင်ထိန်းယောင်ဆောင်ကာ ကရင်ဘုရင်ကြီးထံတွင် အမှုထမ်းနေကြောင်း ပါရှိလေသည်။ ထိုအခါကျမှ မင်းသမီးကလေးသည် မောင်ဒီနှင့် ဆွေမျိုးတော်ကြောင်း သိရကာ အထူးငိုကြွေးလေသတည်း။ ။

❖
mgyoe.com

mgyoe.com

# ထို့မဲပါ မောင်သန်လျင်

ဦးဝန်

မွန်မင်းသမီးသည် မောင်ဒီ သေသောအခါ နေပြည်တော်သို့ မပြန်ဘဲ ပင်လယ်ကမ်းခြေတွင်ပင် မြို့ကြီးတည်၍နေလေသည်။ ထိုမြို့ကို ကြခတ်ဝါးရုံများ ပိတ်မျှရံ၍ ပေါက်နေသောကြောင့် ကြခတ်ဝါးရုံမြို့ဟု ခေါ်ကြလေသည်။ မြို့တွင်း၌ မင်းသမီးနှင့် အပျိုတော်များသာနေရ၍ ဘေးရန်မကင်းသောကြောင့် သိကြားမင်းသည် ဟင်္သာရုပ်တစ်ခုနှင့် စည်ကြီးတစ်လုံးကို ပေးထားလေသည်။ ရန်သူများလာ၍ ဟင်္သာရုပ်ကို လက်ဖြင့်သပ်လျှင် ဟင်္သာရုပ်သည် မြို့ကိုချီယူ၍ ကောင်းကင်သို့ ပျံတက်လေသည်။ ထို့နောက် စည်ကြီးကို တီးလျှင် သမုဒ္ဒရာရေ ကြီးစွာတက်၍ ရန်သူတို့ကို နစ်မွန်းစေသည်။

ထိုအခါ ဒလတောင်တန်းကြီး၌ မောင်သန်လျင် အမည်ရှိသော တောင်သူလူမျိုး လူစွမ်းကောင်းတစ်ဦး ရှိလေသည်။ မောင်သန်လျင်သည် အလွန်ခွန်အားကြီး၍ တောကျား၊ တောဝက်၊ တောဆင်ကြီးများ၏ ရန်ကိုပင် နှိမ်နင်းနိုင်လေသည်။ တစ်ခါသော် ဝက်ပျံကြီးတစ်ကောင်သည် ဥယျာဉ်လယ်ယာများတွင် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် ကောက်ပဲသီးနှံများကို စားသောက်ဖျက်ဆီးနေသောကြောင့် တောင်သူလယ်သမားများမှာ အလွန်စိတ်ဆင်းရဲကြရလေသည်။ ထိုဝက်ပျံကြီးအကြောင်းကို မောင်သန်လျင် ကြားသောအခါ လက်နက် လေးမြားမပါ လက်ရုံး

mgyoe.com

mgyoe.com



ယောင်သန်လျှင်သည် ဝက်ကြီးကို ထိုးသတ်ရာ•••

mgyoe.com

mgyoe.com
ကိုသာအားကိုး၍ ထိုးသတ်ရာ ဝက်ကြီး သေလေတော့သည်။ ဝက်ကြီး၏ မာန်စွယ်ကို မောင်သန်လျင်ကယူ၍ အသားကို လူအများ ဝေစားကြလေသည်။

ဝက်မာန်စွယ်ကို ရသည့်နေ့မှစ၍ မောင်သန်လျင်မှာ ရှေးကထက် တန်ခိုးကြီးလေသည်။ ဝက်မာန်စွယ်ကို ပိုင်သောကြောင့်လည်း မောင်သန်လျင်ကို တောင်သူကရင်တို့စကားဖြင့် 'ထို့မဲပါ' ဟုခေါ်ကြလေသည်။ 'ထို့' မှာ 'ဝက်'၊ 'မဲ' မှာ 'အစွယ်'၊ 'ပါ' မှာ 'အဖ' ဆိုလိုသည်။ 'ဝက်စွယ်၏အဖ' ဟု မြန်မာလိုခေါ်နိုင်သည်။ ထို့မဲပါခေါ် မောင်သန်လျင်သည် ကြခတ်ဝါးရုံမြို့ မင်းသမီး၏သတင်းကို ကြားရသောအခါ ချစ်ခင်လာ၍ ကြခတ်ဝါးရုံမြို့ကို တိုက်ခိုက်သိမ်းယူရန် ကြံလေသည်။ သို့သော်လည်း ကြခတ်ဝါးရုံများကို ဖောက်ထွင်း၍ မြို့တွင်းသို့ဝင်ရန်ခက်သည်။ ဟင်္သာရုပ်နှင့် စည်ကြီးတို့၏တန်ခိုးက ကြီးသည်။ ထို့ကြောင့် အမျိုးမျိုးကြံစည်တွေးတောရာ နောက်ဆုံး၌ အကြံကောင်းတစ်ခုကို ရလေသည်။

မောင်သန်လျင်သည် ပဲခူးမြို့ ဇလဲထော်ချောင်းသို့သွား၍ ရွှေခဲများကို ကောက်ယူလာပြီးလျှင် ကြခတ်ဝါးရုံ မင်းသမီး၏ အထိန်းတော်ကြီးအား ရွှေခဲများပေး၍ ဟင်္သာရုပ်ကို ဖျက်ပြီးလျှင် စည်ကြီးကို ဖောက်ပစ်ရန် ပြောလေသည်။ ထို့နောက် ရွှေခဲ ရွှေတုံးအများ ကြခတ်ဝါးတောထဲတွင် အနှံ့ကြဲလေရာ လူအများရွှေကို လိုချင်သောကြောင့် ဝါးကိုခုတ်ပြီးလျှင် ရွှေရှာကြလေသည်။ ဤသို့ ရွှေရှာသူများ ခုတ်သောကြောင့် ကြခတ်ဝါးတောကြီးမှာ ရှင်းသွား၍ မြို့တွင်းသို့ လွယ်ကူစွာ ဝင်နိုင်လေသည်။

ထိုအခါကျမှ မောင်သန်လျင်သည် ကြခတ်ဝါးရုံမြို့ကို လက်ရသိမ်းပိုက်ကာ နန်းတော်သို့ဝင်၍ ကြခတ်ဝါးရုံမင်းသမီးကို ဆောင်ကြဉ်းမည် ကြံစည်သည်တွင် မင်းသမီးသည် ပျောက်နေလေသည်။ နန်းတွင်းနန်းပြင် လိုက်ရှာ၍လည်း မတွေ့ရချေ။ အထိန်းတော်ကြီးအား ဤအကြောင်းကို မေးသောအခါကျမှ အထိန်းတော်ကြီးသည် နန်းတော်ဥယျာဉ်အတွင်းရှိ ကျောက်ရုပ်တစ်ရာကျော်လောက်ကို ညွှန်ပြပြီးလျှင် "ဟိုကျောက်ရုပ်များအကြားတွင် မင်းသမီးကလေးရှိပါသည်။ ရှာ၍ ယူပါလော့" ဟုပြောလေသည်။ မောင်သန်လျင်လည်း အထပ်ထပ်အခါခါ လိုက်၍ ကြည့်သည်။ ကျောက်ရုပ်များမှာ တစ်ခုနှင့်တစ်ခု အလွန်တူသဖြင့် ရှာ၍မရဖြစ်လေသည်။ ထိုအခါ အထိန်းတော်ကြီးကိုခေါ်၍ မေးပြန်ရာ "ကျောက်ရုပ်များကို
mgyoe.com

 mgyoe.com 

လက်ဖြင့်စမ်းကြည့်ပါ။ နွေးနေသော ကျောက်ရုပ်မှာ မင်းသမီးကလေးဖြစ်ပါသည်" ဟုပြောလေသည်။ မောင်သန်လျင်သည် ကျောက်ရုပ်တိုင်းကို စမ်းကြည့်ရာ နွေးနေသောအရုပ်ကိုတွေ့၍ ချီယူပြီးလျှင် နန်းတော်တွင်းသို့ ခေါ်သွားလေသည်။

ထို့နောက် မောင်သန်လျင်သည် သက်ကြီးဝါကြီး ပညာရှိများနှင့် တိုင်ပင်၍ မြို့ကြီးတည်ရန် မြို့နေရာ ရှာကြလေရာ ခြင်္သေ့ရုပ်ပုံဖြစ်နေသော သီဟဒီပခေါ် ကျွန်းတစ်ကျွန်းကို တွေ့လေသည်။ ထိုကျွန်းပေါ်တွင် မြို့ရိုးများတည်၊ နန်းတော်ကြီးကိုဆောက်၍ မင်းသမီးကို လက်ထပ်ပြီးလျှင် နန်းတက် မင်းမူလေသည်။ မောင်သန်လျင် တည်သောကြောင့် ထိုမြို့ကို သန်လျင်မြို့ဟု ယနေ့တိုင် ခေါ်ဝေါ်လျက် ရှိကြလေသည်။ ။

❖

mgyoe.com

mgyoe.com

## ပြူမင်းထီး

တက်တိုး

ရှေးသရောအခါ နဂါးမတစ်ဦးသည် လူ့ပြည်သို့လာ၍ ဥပုသ်စောင့်နေလေသည်။ ထိုအခိုက် နေနတ်သားသည် ထိုအရပ်သို့ရောက်လာ၍ နဂါးမနှင့်တွေ့ရာ ချစ်ကြိုက်ပေါင်းသင်း နေထိုင်ကြလေသည်။ ထို့နောက် နေနတ်သားသည် နတ်ပြည်သို့ ပြန်သွားရလေသည်။ နဂါးမ၌ သန္ဓေရှိနေသဖြင့် ကျီးဖြူတစ်ကောင်ကို လွှတ်၍ နေနတ်သားထံ အကြောင်းကြားလေသည်။

နေနတ်သားလည်း ရုတ်တရက် လိုက်မလာနိုင်သေးသဖြင့် ပတ္တမြားလက်စွပ်တစ်ကွင်းကို ထုတ်၍ပေးလိုက်သည်။ ကျီးဖြူသည် လမ်း၌ ခရီးသည်များ စားသောက်နေရာဝယ် စားကြွင်းစားကျန်ကောက်လို၍ ပတ္တမြားလက်စွပ်ထုပ်ကို သစ်ပင်ခွ၌ တင်ထားပြီးလျှင် ဆင်း၍ ကောက်လေသည်။ ထိုအခိုက် ခရီးသည်တစ်ယောက်သည် သစ်ပင်ခွက အထုပ်ကိုယူ၍ မဖွယ်မရာသော အထုပ်တစ်ထုပ်ကို ထားခဲ့လေသည်။ ကျီးဖြူလည်း ထိုအထုပ်ကို အမှတ်မဲ့ကောက်၍ နဂါးမရှိရာသို့ သွားလေသည်။

နဂါးမသည် မဖွယ်မရာသော အထုပ်ကိုမြင်လျှင် နေနတ်သားကို စိတ်နာ၍ ဥသုံးလုံးကို တောထဲမှာပင် ဥ၍ နဂါးပြည်သို့ ပြန်လေသည်။ ထိုဥသုံးလုံးကို

mgyoe.com

 mgyoe.com 



**ပြောင်းတီးတည့် ဖောင် ရေနက်ထားလေးသော လောကြိုးနှင်းထိုက်မှု...**

မုဆိုးတစ်ယောက်တွေ့၍ ယူသွားရာ လမ်းတွင် ချောင်းတစ်ခုကို ဖြတ်ကူးခိုက် ဥတစ်လုံးကွဲလေသည်။ ကျန်နှစ်လုံးမှာ လက်မှလွတ်၍ ရေ၌မျောလေသည်။ ထို

mgyoe.com

mgyoe.com
ဥနှစ်လုံးအနက် တစ်လုံးမှာ တကောင်းပြည်သို့ ရောက်သွားလေသည်။ ကျန်တစ်လုံးမှာ ဧရာဝတီမြစ်၌ မျော၍ ညောင်ဦးအရပ်သို့ ရောက်သောအခါ ရေချိုးဆင်းလာသော ပြူအိုလင်မယား တွေ့သဖြင့် ဆယ်ယူလေသည်။

အချိန်တန်သော် ထိုဥမှ ကလေးတစ်ယောက် ဖွားမြင်လာသည်။ ပြူအိုလင်မယားလည်း ထိုကလေးကို သားအရင်းကဲ့သို့ ချစ်မြတ်နိုး၍ မင်းထီးဟု အမည်ပေးကြလေသည်။ မင်းထီးသည် အသက် ၁၆ နှစ်ရောက်သောအခါ ဆရာတော်ရှင်ရသေ့ထံ၌ အတတ် ၁၈ ရပ်ကို သင်လေသည်။ အထူးသဖြင့် လေးမြားအတတ်၌ ကျွမ်းကျင်လေသည်။ မင်းထီး၏ဖခင် နေနတ်သားသည် လူ့ပြည်သို့ ဆင်းလာ၍ သားတော်အား ရန်သူအပေါင်းတို့ကို အောင်မြင်နိုင်သော ရတနာအတိပြီးသော လေးမြားတို့ကို ပေးအပ်လေသည်။

လေးမြားကိုရသောအခါ တောလည်ထွက်လိုသဖြင့် ပြူအိုလင်မယားထံ ခွင့်တောင်းလေ၏။ ပြူအိုလင်မယားလည်း ပုဂံပြည် အရပ်လေးမျက်နှာ၌ ရန်သူကြီးလေးဦး မင်းမူနေသဖြင့် မသွားစေလိုကြောင်း ပြောကြလေသည်။ ထိုရန်သူကြီးလေးဦးကား အရှေ့မျက်နှာ၌ ဝက်ကြီး၊ တောင်မျက်နှာ၌ ကျားကြီး၊ အနောက်မျက်နှာ၌ ငှက်ကြီး၊ မြောက်မျက်နှာ၌ ရှူးပျံဖြစ်လေသည်။ ထိုရန်သူတို့သည် အခြံအရံ ငါးရာစီနှင့် ပုဂံပြည်သူပြည်သားတို့ကို နှိပ်စက်နေကြသည်။ အဆိုးသွမ်းဆုံးကား ငှက်ကြီးဖြစ်သည်။ တစ်နေ့လျှင် သမီးကညာ တစ်ယောက်ကျ ငှက်ကြီးအား ဆက်သရသည်။ တစ်နေ့တစ်ယောက်ကျ စားရသည်ကို မကျေနပ်နိုင်သဖြင့် ခုနစ်ရက်တစ်ပတ်ကြာမှ ခုနစ်ယောက်ကို တစ်ခါတည်းစားလေ့ရှိသည်။ ထိုရန်သူလေးဦး မင်းမူနေသည်မှာ ၁၂ နှစ်တိုင် ကြာမြင့်ချေပြီ။

မင်းထီးလည်း ပုဂံပြည်သူပြည်သားတို့ကို ထိုရန်သူတို့၏ ဘေးမှ လွတ်မြောက်အောင် ဆောင်ရွက်လိုသည်။ ထို့ကြောင့် ရန်သူတို့ရှိရာသို့ မဆုတ်ဆိုင်းဘဲ သွားလေသည်။ ကျားကြီး၊ ဝက်ကြီး၊ ရှူးပျံတို့ကို လေးနှင့် ခွင်းခဲ့ပြီးလျှင် အဆိုးသွမ်းဆုံး ရန်သူငှက်ကြီးရှိရာသို့ သွားပြန်သည်။ လမ်း၌ ငှက်စာအဖြစ် အရွေးခံရရှာသော ကညာပျိုခုနစ်ဦးကို တွေ့လေသည်။ ထိုသူတို့မှာ သေရမည်ကို ကြောက်သဖြင့် ငှက်စာဆော်နောက်က ငို၍ လိုက်ပါလာကြသည်။ မင်းထီးသည် "ငါသို့သောသူရှိလျက် ဤမိန်းမပျိုခုနစ်ယောက်ကို ငှက်စာပေးမည်ဆိုသည့်စကားသည်
mgyoe.com

mgyoe.com
မအပ်" ဟု ဆိုကာ ငှက်ကြီးရှိရာသို့သွား၍ ဖခင် နေနတ်သားပေးသော လေးဖြင့် ခွင်းလိုက်ရာ ငှက်ကြီး သေလေသည်။ ထိုနေ့မှစ၍ ပုဂံပြည်သည် ဝက်ကြီး၊ ကျားကြီး၊ ငှက်ကြီး၊ ရှူးပျံတို့၏ ဘေးမှ လွတ်မြောက်လေသတည်း။ ။

❖

mgyoe.com

mgyoe.com

# တွဲမျှားရှင်

## ဦးဝန်

ရှေးအခါက ဟသ်ာကျွန်း ဟံသာဝတီပြည်တွင် မွန်လူမျိုး အမြွာညီနောင် ရှိသည်။ အကြီးကို လင်ပုပ်ဖမ်းခိုက် မွေး၍ သမလဟု ခေါ်သည်။ အငယ်ကို လင်ပုပ်ဖမ်းပြီးမှ မွေး၍ ဝိမလဟု ခေါ်သည်။ အရွယ်ရောက်သောအခါ နောင်တော် သမလသည် ဟံသာဝတီဘုရင်ဖြစ်လာ၍ ညီတော်ကို အိမ်ရှေ့မင်းအရာပေးလေသည်။ ထီးမွေ နန်းမွေကိုလည်း ပေးမည်ဟု ကတိပြုလေသည်။

ထိုအခါ သက်ကြီးလင်မယား၏ ဥယျာဉ်တွင် ဖရုံပွင့် ကြီးစွာပွင့်၍ ထိုဖရုံပွင့်မှ သူငယ်မကလေးတစ်ဦး ဖွားလာရာ လူမက နတ်တမျှ လှပလေသည်။ ဖရုံမယ်၏ သတင်းကို သမလမင်းကြီး ကြားလေ၍ ကောက်ယူကာ မိဖုရားမြှောက်ရာတွင် သမီးတော်တစ်ပါး ဖွားမြင်လေသည်။ မိတလိုဟု မှည့်ခေါ်လေသည်။ သားတော်တစ်ပါး ဖွားပြန်ရာ အသကုမ္မာဟု မှည့်ခေါ်လေသည်။ ထိုအခါ မင်းကြီးသည် စိတ်ပြောင်း၍ "ညီတော် ဝိမလကို ထီးမွေ နန်းမွေ မပေးနိုင်။ သားတော် အသကုမ္မာကိုသာ ပေးရမည်" ဟု အမိန့်ရှိသောကြောင့် ညီတော် ဝိမလက စိတ်ဆိုး၍ နောင်တော်ကိုသတ်ကာ နန်းတက်လေသည်။ တူတော် အသကုမ္မာ မင်းသားကလေးကိုလည်း သတ်ရမည်ဟု အမိန့်ထုတ်လေသည်။ ဖရုံမယ်မိဖုရားသည် ထိုအမိန့်ကိုကြား၍ သားတော်ကို အမှတ်တမဲ့ယူကာ မြို့မြောက်တောတွင် ထားလေ

mgyoe.com

mgyoe.com



တောကျွဲများသည် မင်းသားငယ်ကို ကြည့်ရှုစောင့်ရှောက်ကျွေးမွေးထားလေသည်။

သည်။

အသကုမ္မာမင်းသား၏ ဘုန်းတန်ခိုးကား အလွန်ကြီးလေသည်။ ထို့ကြောင့် တောကျွဲများသည် မင်းသားငယ်ကို ကြည့်ရှုစောင့်ရှောက် ကျွေးမွေးထားလေသည်။

mgyoe.com

mgyoe.com
အရွယ်အတန်ကြီးသောအခါ အသကုမ္မာသည် တောကျွဲချိုနှစ်ဖက်ဖျားတွင် ရပ်နင်းသွားလာနိုင်လေသည်။ ခွန်အားဗလလည်း အလွန်ကြီးလေသည်။ ကိုယ်လက်အင်္ဂါလည်း အလွန်ထွားကျိုင်းသန်မာလေသည်။ တောကျွဲကြီးများနှင့်အတူ အသကုမ္မာမင်းသားကလေးသည် မြစ်ကြီးကို ဖြတ်ကူးသည်။ တောင်ကြီးကို ပြေးတက်သည်။ တောချုံကြီးများကို ဝင်တိုးသည်။ လူဝံကြီးများနှင့်အတူ နွယ်တန်းများတွင် တွဲလောင်းခိုစီးသည်။ ရှဉ့်ပေါ်ကြီးများနှင့်အတူ သစ်တစ်ပင်မှတစ်ပင် ကူးလူးသွားလာသည်။ တောတိရစ္ဆာန်တို့သည် အသကုမ္မာမင်းသားကလေးကို အလွန်ချစ်ခင်ကြ၍ မင်းသားကလေးနှင့်အတူ ကစားမြူးထူးကြသည်။ ထိုသို့ ကစားရသောအခါများ၌ မင်းသားကလေးသည် အစ်မတော် မိတလိုကို များစွာအောက်မေ့လွမ်းဆွတ်လေသည်။

တစ်နေ့သောအခါ အရပ်ခုနစ်တောင်ရှိသော ကုလားစစ်ဗိုလ်ကြီးတစ်ဦးခေါင်းဆောင်၍ ကုလားစစ်သဘော်ခုနစ်စင်းသည် ဟံသာဝတီပြည်ကို တိုက်ရန်လာလေသည်။ ဤသို့ ရန်သူများ ရောက်လာသော်လည်း မည်သူမျှ ထွက်မတိုက်ရဲကြချေ။ ဝိမလမင်းကြီးလည်း မကြံနိုင်ဖြစ်ကာ စိတ်ပျက်နေလေရာ အသကုမ္မာမင်းသား၏ အစွမ်းသတ္တိသတင်းကို ကြားရသောအခါမှ တူမတော် မိတလိုအားအသကုမ္မာကို အခေါ်ခိုင်းလေသည်။ မိတလိုမင်းသမီးသည် မြို့မြောက်တောသို့ဝင်၍ အသံကျယ်စွာ ဟစ်အော်လေသော် အသကုမ္မာသည် အစ်မတော်၏အသံကိုကြား၍ ဝမ်းသာအားရ တောမှထွက်ကာ တွေ့လေသည်။ ထို့နောက် ဘထွေးတော်က အခေါ်တော်လွှတ်ကြောင်း ဟံသာဝတီကို ရန်သူများ ဝိုင်းဝန်းနေကြောင်းမောင်တော်မှမကယ်လျှင် တစ်မျိုးလုံး ဒုက္ခရောက်ရတော့မည့်အကြောင်းများကိုအစ်မတော်က ပြော၍ အသကုမ္မာမင်းသားကလေးသည် တောကျွဲကြီးများနှင့် လူဝံ၊ တောမျောက်၊ ဥဒေါင်း၊ ဥသြ၊ သမင်၊ ဒရယ် စသော ကစားဖော် ကစားဖက်များကို နှုတ်ခွန်းဆက်ကာ ဟံသာဝတီပြည်သို့ လိုက်ခဲ့လေသည်။

နေပြည်တော်သို့ ရောက်သောအခါ ဘထွေးတော် ဝိမလမင်းကြီးကို ဦးချ၍ အရိုးဆယ်တောင် အရွက်ငှက်ပျောဖက်ခန့်ရှိသော လှံကြီးကို ကစားကာ ခုနစ်တောင်ကုလားကြီးဆီသို့ သွားလေသည်။ ကုလားကြီးလည်း ရောမလှံကြီးကို ကစားကာ လာလေသည်။ နှစ်ဦး နီးကြသောအခါ တစ်ပြန်တစ်လှည့်စီ လှံဖြင့်ထိုးကြ
mgyoe.com

mgyoe.com
ခံကြ ကာကွယ်ကြသည်။ တစ်ချက်တွင် ကုလားကြီး သတိလစ်၍ အသကုမ္မာက ကုလား၏လည်တိုင်ကို လှံဖြင့်ဖြတ်ခါ ဘထွေးတော်အား ကုလားခေါင်းကို ဆက်သလေသည်။ သဘော်ခုနစ်စင်းနှင့် ကုလားစစ်သားများကိုလည်း သိမ်းယူလိုက်လေသည်။

ထိုအခါကျမှ ကုလားတို့၏ ရန်ဘေးကင်းလေတော့သည်။ ဤကဲ့သို့ အသကုမ္မာမင်းသားငယ်သည် နိုင်ငံကိုချစ်၍ အသက်ကိုစွန့်ကာ ကုလားရန်ကို နှိမ်လေသောကြောင့် ဘထွေးတော် ဝိမလမင်းကြီးသည် အားရကာ အိမ်ရှေ့မင်း အရာ အပ်နှင်းလိုက်လေသည်။ ။

❖

mgyoe.com

mgyoe.com

# မောတို့သမိုင်း

ဦးဝန်

ဗမာနိုင်ငံမြောက်ပိုင်းတွင် ရွှေလီမြစ်ဟူ၍ ရောဝတီလက်တက်တစ်ခု ရှိသည်။ ရွှေလီကို ရှမ်းတို့က မောမြစ်ဟု ခေါ်ကြ၍ မောမြစ်ဝှမ်းတွင်နေသော ရှမ်းတို့ကို မောရှမ်းဟု ခေါ်ကြသည်။ မောတို့သမိုင်းကား များစွာ စိတ်ဝင်စားဖွယ်ကောင်း သည်။ ဗမာနိုင်ငံ ပျူစောထီးသမိုင်းနှင့် ဆင်ဆင်တူလေသည်။

နှစ်ပေါင်းတစ်ထောင်ကျော်အခါက မောမြစ်ဝှမ်းတွင် ခွန်အဲအမည်ရှိသော သူငယ်ကလေးတစ်ဦးသည် ရေကန်ကြီးတစ်ခုအနီးတွင် နွားကျောင်းနေလေ့ရှိ သည်။ တစ်နေ့သောအခါ ရေကန်ထဲ၌ နဂါးမင်းသမီးတစ်ဦးကို ခွန်အဲမြင်၍ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ကာ လင်မယားဖြစ်ကြလေသည်။ ကာလ အတော်ကြာသောအခါ နဂါးမင်းသမီးက ခွန်အဲအား ဤသို့ပြောလေသည်။

"မောင်တော်... နှမတော်မှာ မောင်တော်နှင့်အတူနေရာမှ ဥတစ်လုံးကို ဥရပါတော့မည်။ ဤဥမှ မောင်တော်၏သားယေသည် ဖွားမြင်ပါအံ့။ နှမတော် မှာ နဂါးပြည်သို့ ပြန်ရမည်ဖြစ်၍ သားတော်ကို ကောင်းစွာမွေးမြူရစ်ပါ။ သား တော် နို့ဆာ၍ နှမတော်ကို အောက်မေ့တမ်းတလိုက်လျှင် မောင်တော်၏ လက် ညှိုးမှ နို့ရည်စိမ့်ယို၍ ထွက်ပါလိမ့်မည်။ ထိုနို့ရည်ကိုတိုက်၍ သားတော်ကို ကြီးပြင်း အောင် မွေးမြူပါလော့"

mgyoe.com

mgyoe.com

ဤသို့မှာကြား၍ ဖြူဖွေးသော ဥကြီးတစ်လုံးကို ဥပြီးလျှင် နဂါးမင်းသမီး သည် နဂါးပြည်သို့ ပြန်သွားလေသည်။ ထိုအခါ ခွန်အဲသည် တောထဲ၌ ရွှေကဲ့သို့ ဝါဝင်းသော သစ်ရွက်ခြောက်များကို ကောက်၍ နဂါးဥပေါ်တွင် စုပုံ ဖုံးအုပ်ထား ရာ အချိန်တန်လျှင် သားတော်ကလေးတစ်ပါး ဥမှ ပေါက်လာလေသည်။ ခွန်အဲ လည်း နဂါးမင်းသမီး မှာခဲ့သည့်အတိုင်း သားတော်ကလေးကို ကျွေးမွေးပြုစု၍ အမည်မှည့်ချိန်သို့ ရောက်သောအခါ 'ခွန်ထွန်းခမ်' ဟု မှည့်ခေါ်လေသည်။ မြန်မာ လို 'ရွှေရွက်ဝါမင်းသား' ဖြစ်သည်။ သားတော် ခွန်ထွန်းခမ် မွေးသည့်နေ့မှစ၍ ခွန်အဲတို့မှာ ဥစ္စာပစ္စည်းများစွာ တိုးတက်လေသည်။ မျက်နှာများစွာ ပွင့်လန်းလေ သည်။

ထိုအခါ ရှမ်းဘုရင်ကြီးတစ်ပါးတွင် အလွန်လှပသော သမီးတော်တစ်ပါး ရှိလေသည်။ ရှမ်းဘုရင်ကြီးသည် ရေကန်ကြီးတစ်ခုအတွင်း ကျွန်းတစ်ခုပေါ်တွင် တပင်တိုင် နန်းဆောက်၍ သမီးတော်ကိုထားပြီးလျှင် ဤသို့ ကြေညာလေသည်။

"သမီးတော်စံရာ တပင်တိုင်ရွှေနန်းသို့ လှေကိုလည်း မစီးရ၊ တံတားကို လည်း မလျှောက်ရ၊ ခြေကိုလည်း ရေမစွတ်ရအောင်သွားကာ နန်းတွင်းစည်ကို တီးနိုင်သူအား သမီးတော်နှင့်လက်ထပ်၍ အိမ်ရှေ့အရာနှင်းမည်"

ဤသို့ ကြေညာသောအမိန့်တော်ကို ကြားသောအခါ ခွန်ထွန်းခမ်သည် အမိနဂါးမင်းသမီးပေးသော ဆေးကြိမ်လုံးကိုယူပြီးလျှင် ရေပြင်ကို သုံးကြိမ်ရိုက် လေရာ ရေထဲမှ အမိနဂါးမင်းသမီးပေါ်လာ၍ တပင်တိုင်နန်းတော်ကျွန်းသို့ တံတား ပမာ ကျောခင်းပေးလေသည်။ ခွန်ထွန်းခမ်သည် မိခင်၏ကျောကိုနင်း၍ ခြေ ထောက်ကို ရေမစွတ်စေဘဲ နန်းတော်ကျွန်းသို့ ကူးသွားပြီးလျှင် မင်းသမီးကလေး ကို သိမ်းပိုက်လေသည်။ ရှမ်းရှင်ဘုရင်ကြီးလည်း သမက်တော်၏ အစွမ်းသတ္တိကို နှစ်သက်အားရလေသောကြောင့် သမီးတော်နှင့် စုလျားရစ်ပတ် လက်ထပ်ပေးပြီး လျှင် နိုင်ငံတော်တစ်ဝက်ကို ခွဲပေး၍ အိမ်ရှေ့မင်းအရာ အပ်နှင်းလိုက်လေသည်။ ထိုအခါမှစ၍ မောတို့သမိုင်းသည် ဆက်လက်ကြီးပွားလာလေသတည်း။ ။

❖

mgyoe.com

mgyoe.com

## ဗမာသက္ကရာဇ်

ဦးသိန်းဟန်

ငါတို့ ဗမာနိုင်ငံ၌ ရှေးရှေးအခါက သာသနာနှစ်တစ်မျိုးတည်းသာ ရှိသည်။ နောင်အခါမှ သာသနာနှစ်ကို အခြေပြု၍ ဗမာသက္ကရာဇ် ဖြစ်ပေါ်လာလေသည်။

သာသနာနှစ်ဆိုသည်မှာ အရှင်ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်ကို အကြောင်းပြု၍ ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် စသည်ဖြင့် အစဉ်အတိုင်း ရေတွက်မှတ်သားလာသောနှစ် ဖြစ်သည်။

တကောင်းခေတ်က မင်းနှင့်တကွ နိုင်ငံသူနိုင်ငံသားတို့သည် ထိုသာသနာနှစ်ကို အသုံးပြုသည်။ တကောင်းပျက်ပြီး၍ သရေခေတ္တရာနိုင်ငံ ဖြစ်ထွန်းလာသောအခါ၌လည်း ထိုသာသနာနှစ်ကိုပင် ဆက်လက်၍ အသုံးပြုပြန်သည်။ သို့ရာတွင် သာသနာနှစ် ၆၂၄ သို့ ရောက်သောအခါ သရေခေတ္တရာမင်း သုမုန္ဒရီသည် ပညာရှိများနှင့်တိုင်ပင်၍ သာသနာနှစ် ၆၂၄ မှ ၆၂၂ နုတ်ပယ်၍ အကြွင်းဖြစ်သောနှစ်နှစ်မှ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ် စသည်ဖြင့် အစဉ်အတိုင်း ရေတွက်စေသည်။ နောက် မင်းအဆက်ဆက်နှင့် နိုင်ငံသူနိုင်ငံသားတို့လည်း သာသနာနှစ်ကို မသုံးတော့ဘဲ သုမုန္ဒရီမင်းက စလိုက်သောနှစ်ကို သုံးကြလေသည်။ ထိုနှစ်မှစ၍ သရေခေတ္တရာ သက္ကရာဇ် ဖြစ်ပေါ်လာသည်။

ထို့နောက် သရေခေတ္တရာ ပျက်ပြီး၍ ပုဂံနိုင်ငံ ဖြစ်ထွန်းလာသောအခါ၌

mgyoe.com

mgyoe.com

လည်း ထိုသရေခေတ္တရာ သက္ကရာဇ်ကိုပင် ဆက်လက်၍ အသုံးပြုပြန်သည်။ သို့ရာတွင် သရေခေတ္တရာ သက္ကရာဇ် ၅၆၂ သို့ ရောက်သောအခါ ပုဂံမင်းတစ်ပါး ဖြစ်သော ပုပ္ပားစောရဟန်းသည် ပညာရှိများနှင့် တိုင်ပင်၍ သရေခေတ္တရာ သက္ကရာဇ် ၅၆၂ မှ ၅၆၀ နုတ်ပယ်၍ အကြွင်းဖြစ်သော နှစ်နှစ်မှ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ် စသည်ဖြင့် အစဉ်အတိုင်း ရေတွက်စေပြန်သည်။ နောက် မင်းအဆက်ဆက်နှင့် နိုင်ငံသူ နိုင်ငံသားတို့လည်း သရေခေတ္တရာ သက္ကရာဇ်ကို မသုံးတော့ဘဲ ပုပ္ပားစောရဟန်းက စလိုက်သော သက္ကရာဇ်ကို သုံးကြလေသည်။ ထိုသက္ကရာဇ်ကို ယခုတိုင် ငါတို့သုံးလျက်နေသည်။ ထိုသက္ကရာဇ်သည် ငါတို့ ဗမာသက္ကရာဇ်ပင် ဖြစ်သတည်း။ ။

❖

mgyoe.com

mgyoe.com

## ဗမာနိုင်ငံနှင့် ဗုဒ္ဓသာသနာ

ဦးသိန်းဟန်

မဇ္ဈိမဒေသ၌ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ငါတို့ ဗမာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် သက်ဆင်းခဲ့လေသည်။

အထူးသဖြင့် ဗမာနိုင်ငံအောက်ပိုင်းရှိ မွန်တို့၏နေရာ သုဝဏ္ဏဘုမ္မိ သထုံပြည်သည် ဗုဒ္ဓသာသနာတော် ပွင့်လင်းရာဖြစ်သော သီဟိုဠ်ကျွန်းနှင့် သဘော်လမ်းသင့်သဖြင့် ရဟန်းအစစ်အမှန်တို့ အရောက်အဝင်များလေရာ သာသနာတော်သည် ရှေးဦးစွာ သထုံပြည်၌ အမြဲအစွဲ တည်၍ တဖြည်းဖြည်း ပွင့်လင်းထွန်းကားလာသည်။ ဗမာသက္ကရာဇ် ၄၀၀ ကျော် မနူဟာမင်းလက်ထက်သို့ ရောက်သောအခါ ဘုရားဟောတော်မူသော ပိဋကတ်တော် အစုံသုံးဆယ်သည် သထုံပြည်၌ ပေထက်အက္ခရာတင်ပြီး ရှိလေသည်။

ဗမာနိုင်ငံအထက်ပိုင်းရှိ ဗမာတို့၏နေရာ ပုဂံပြည်၌ကား ဤသို့မဟုတ်။ ခရီးလမ်း အဆက်အသွယ် မလွယ်ကူလှသဖြင့် ရဟန်းအစစ်အမှန်တို့ အရောက်အဝင်နည်းလေရာ သက်ဆင်းခဲ့ပြီးဖြစ်သော သာသနာတော်ပင်လျှင် ညှိုးမှိန်တိမ်ကော၍ ရဟန်းဆိုးများ ပေါ်ပေါက်လာကြလေသည်။

ထိုရဟန်းဆိုးများမှာ ပုဂံပြည် သမထီးအရပ်၌ နေကြသော အရည်းကြီးတို့ဖြစ်သည်။ ထိုသူတို့သည် မည်းဆိုးသော သင်္ကန်းကိုဝတ်၍ လက်လေးသစ်မျှ ရှည်

mgyoe.com

mgyoe.com
သောဆံပင်ကို ထားကြသည်။ ထိုသူတို့က "ငါတို့သည် ဗုဒ္ဓဘုရား၏ တပည့်သားမြေးဖြစ်သည်။ ငါတို့ဟောသောတရားကို နာယူကျင့်ဆောင်ကြကုန်။ လူကိုသတ်မိသောသူသည် ငါတို့ပေးသော ပရိတ်ကိုရွတ်လျှင် အပါယ်တံခါးပိတ်အံ့။ ထိမ်းမြားအံ့သော သတို့သမီးကို ငါတို့ထံသို့ တစ်ညဉ့်တာမျှ ပို့ထားလျှင် ကုသိုလ်ရအံ့" စသည်ဖြင့် ဟောကြလေသည်။

ပုဂံပြည်ရှိ မင်းမှူးမတ် ပြည်သူပြည်သားတို့လည်း ဗုဒ္ဓသာသနာကို အလွန်ကြည်ညိုကြသူများ ဖြစ်သောကြောင့် ဗုဒ္ဓဟူသော စကားလေသံကို ကြားရရုံမျှနှင့် အရည်းကြီးတို့ကို ရဟန်းအစစ်အမှန် ထင်မှတ်၍ ထိုသူတို့၏စကားကို နာယူကြလေသည်။

အချို့သော ပုဂံပြည်သူပြည်သားတို့သည် မွန်တို့၏ဒေသသို့ ရောက်ဖူး၏။ အချို့လည်း သီဟိုဠ်ကျွန်းသို့ ရောက်ဖူးသည်။ ရောက်ဖူးသဖြင့် အကြားအမြင်စုံလင်သည်။ ထိုသူတို့အနက် ဉာဏ်လည်းကြီး၍ သာသနာ၏ အကျိုးကိုလည်းလိုလားသော သူတို့သည် အရည်းကြီးတို့ အကျင့်မှားကြောင်း၊ အရည်းကြီးတို့ ဗုဒ္ဓသာသနာကို ညစ်နွမ်းအောင် ပြုနေကြောင်း ပြောကြလေသည်။

သို့ရာတွင် များစွာကုန်သော ပြည်သူပြည်သားတို့သည် ထိုသူတို့၏စကားကို မနာမယူ မကြိုက်။ အမှုမဲ့သာ နေကြသည်။ အချို့လည်း "ဘိုးဘေးဘီဘင်ကဆင်းသက်၍ ငါတို့ ကိုးကွယ်လာသည်။ ငါတို့၏ ဆရာရဟန်းများကို ဤသို့ဆိုရာသလော" ဟု ဆို၍ ရန်မူကြသည်။ မင်းမှူးမတ်တို့ကလည်း "အစဉ်ကို ဖျက်သည်" ဟုဆို၍ ပြောသောသူကို မင်းပြစ်မင်းဒဏ်ပေးလေသည်။

ငါတို့၏ ဘိုးဘွားဘီဘင် ဖြစ်ကြကုန်သော ပုဂံပြည်သူပြည်သားတို့သည် ထိုအခါက အရည်းကြီး ရဟန်းဆိုးကို ရဟန်းကောင်း ထင်မှတ်မိသောကြောင့် မှားခြင်းကြီး မှားကြရလေသည်။ သက္ကရာဇ် ၄၀၀ ကျော်ခေတ်သို့ ရောက်သောအခါမှ ရဟန်းစစ် ရဟန်းမှန်ကို ကိုးကွယ်ရသဖြင့် လမ်းမှန်သို့ ရောက်ကြလေသည်။ ရောက်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

သက္ကရာဇ် ၄၀၆ ခုနှစ်တွင် ပုဂံပြည်၌ အနော်ရထာမင်းကြီး နန်းတက်တော်မူသည်။ မင်းကြီးသည် ဉာဏ်ကြီးရင့်သူဖြစ်သောကြောင့် အရည်းရဟန်းတို့၏ အပြုအမူကို စက်ဆုပ်ရွံရှာတော်မူသည်။ သို့ရာတွင် ရဟန်းအစစ်အမှန်ကို မဖူး
mgyoe.com



အနော်ရထာ "ငရှင်ကား အဘယ်သူ၏ အမျိုးအနွယ်ပေနည်း"

တွေ့ရသေးသဖြင့် အရည်းရဟန်းတို့ကို မည်သို့မျှမဆိုသာ ရှိလေသည်။ အခါတစ်ပါး၌ သထုံပြည်မှ မွန်ရဟန်းတော် ရှင်အရဟံသည် မင်းကြီးထံသို့ ရောက်လာသည်။ မင်းကြီးလည်း "ဤသူကား အရည်းကြီးတို့နှင့် မတူ။ ဖန်ရည်စွန်းသော

သက်န်းကို ဝတ်ရုံသည်၊ မြတ်သော ဣန္ဒြေနှင့်လည်း ပြည့်စုံသည်။ ဤသူ၌ တရား မှန်ရှိရာသည်” ဟု ဆင်ခြင်ပြီးလျှင် သဘောကို စမ်းလိုသဖြင့် “လျောက်ပတ်သော နေရာကိုကြည့်၍နေလော့” ဟု မိန့်တော်မူသည်။ ရှင်အရဟံလည်း ရာဇပလ္လင်သို့ တက်၍ နေတော်မူသည်။

ထိုအခါ မင်းကြီး အံ့သြတော်မူ၍ “ငါ့ရှင်ကား အဘယ်သူ၏ အမျိုးအနွယ် ပေတည်း။ အဘယ်သူ၏ အဆုံးအမကို ခံသနည်း” ဟု မေးရာ “ငါ၏ အမျိုးအနွယ် ကား ဗုဒ္ဓဘုရားအမျိုးအနွယ်ဖြစ်၍ ဗုဒ္ဓဘုရား၏ အဆုံးအမကို ခံသတည်း” ဟု ရှင်အရဟံ မိန့်ဆိုလေသည်။ ထို့နောက် မင်းကြီးက “ပုဂံပြည်၌ အရည်းရဟန်း များရှိသည်။ ထိုသူတို့ကလည်း မိမိတို့ကိုယ်ကို ဗုဒ္ဓဘုရားအမျိုးအနွယ်ဟု ဆိုသည်။ ငါ့ရှင်ကလည်း ဗုဒ္ဓဘုရားအမျိုးအနွယ်ဟုဆိုသည်။ ထိုသူတို့၏တရားကို နာရဖူးပြီ။ ငါ့ရှင်၏တရားကိုကား မနာရဖူးသေး။ နာလိုပါ၏” ဟုဆို၍ တရားကိုတောင်းရာ ရှင်အရဟံသည် တရားအစစ်အမှန် ဟောပေ၏။ တရားအဆုံး၌ မင်းကြီးသည် တရားအစစ်အမှန်ကို ကြားနာရသဖြင့် နေရောင်တွေ့သော ကြာမုံကဲ့သို့ ရွှင်လန်း ဝမ်းမြောက်လေ၏။ အရည်းတို့ကိုလည်း အတင်းအကျပ် လူဝတ်လဲစေ၍ အချို့ကို စစ်မှုထမ်းစေ၏။ အချို့ကို ဆင်ချေးကျုံး၊ မြင်းချေးကျုံးအဖြစ်ဖြင့် အမှုထမ်းစေ သည်။

ထို့နောက် ရှင်အရဟံသည် သထုံပြည်၌ ရဟန်းအစစ်အမှန် အမြောက် အမြားရှိကြောင်း မနူဟာမင်း၏ နန်းဦးပိဋကတ်တိုက်တော်၌ ဘုရားဟော ပိဋကတ် တော်အစုံသုံးဆယ်မျှ ပေထက်အက္ခရာ တင်ပြီးရှိကြောင်း မိန့်ဆိုပြန်သည်။ ထိုစကားကို ကြားသောအခါ အနော်ရထာမင်းကြီးသည် တစ်နိုင်ငံလုံး၌ ဗုဒ္ဓ သာသနာ အစစ်အမှန် ပျံ့နှံ့ထွန်းကားစေလိုပြန်သဖြင့် သထုံမင်း မနူဟာထံသို့ ပိဋကတ်တော် မျှဝေရန် အတောင်း စေလွှတ်တော်မူသည်။ တွန့်တိုသော မနူဟာ မင်းသည် ပိဋကတ်တော်ကို မမျှမဝေလို။ မချေမင်သော စကားကိုပင် ဆိုလိုက်ရာ အနော်ရထာမင်းကြီးသည် သထုံကို တိုက်ရလေသည်။ အောင်နိုင်သောအခါ ပိဋကတ်တော်များနှင့်တကွ မွန်ရဟန်းတော်များကို ပုဂံပြည်သို့ ပင့်ဆောင်ခဲ့သည်။ ပန်းပဲ ပန်းပု စသော လက်မှုပညာသည်များကိုလည်း ဆောင်ယူခဲ့လေသည်။

ဗုဒ္ဓသာသနာအစစ်အမှန်ကို ကိုးကွယ်ကြည်ညိုရသော မင်းမှူးမတ် ပြည်

mgyoe.com

သူပြည်သားအပေါင်းတို့လည်း အတိုင်းမသိ ဝမ်းမြောက်ရွှင်လန်း၍ ပုဂံပြည်၌ သာသနာအခွန့်ရှည်စွာ တည်စိမ့်သောငှာ ဂူဘုရား အမြောက်အမြားကို တည်ထား ကိုးကွယ်ကြလေသည်။ ဂူဘုရား တည်သောအခါတိုင်း လက်မြောက်သော ဗိသုကာဆရာ ပန်းချီဆရာတို့ကို ငှား၍ မိမိတို့၏ ဂူဘုရားကို လှပတင့်တယ် အောင် တည်စေ၊ ဆေးရေးစေသည်။ ဂူဘုရားတည်ပြီးသောအခါတိုင်း၌လည်း မိမိတို့ အလှူပေးပုံ၊ ဆုတောင်းပုံ၊ အမျှဝေပုံတို့ကို နောင်လာနောက်သားများ သိမှတ်ကြည်ညိုစိမ့်သောငှာ ကျောက်ပြားပေါ်၌ မော်ကွန်းရေးထွင်းထားခဲ့ကြလေ သည်။

ထို့ကြောင့် ဗမာသက္ကရာဇ် ၄၀၀ ကျော်ကစ၍ ဗုဒ္ဓသာသနာ အစစ်အမှန် နှင့်တကွ စာရေးသောအတတ်၊ ဗိသုကာအတတ်၊ ပန်းချီ၊ ပန်းပု စသော အတတ်တို့ သည် ပုဂံပြည်၌ထွန်းကား၍ တစ်စတစ်စ ဗမာနိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့လေသည်။ ယင်းသို့ ပျံ့နှံ့ခြင်းသည် မွန်ရဟန်းတော် ရှင်အရဟံ၊ ဗမာမင်းကြီး အနော်ရထာတို့ ပူးပေါင်းကာ သာသနာ့အုတ်မြစ်ကို ချ၍ နိုင်ငံသူနိုင်ငံသားတို့ကလည်း မိမိတို့၏ တာဝန်ကို ကိုယ်စီကိုယ်င ထမ်းဆောင်ခဲ့ကြသောကြောင့် ဖြစ်သတည်း။ ။

❖

mgyoe.com

mgyoe.com

# ဓညဝတီ မျိုးသာကီ

ဦးသိန်းဟန်

ဗမာနိုင်ငံမြောက်စွန်းတွင် တကောင်း ဟူ၍ ပြည်ကြီးတစ်ပြည် ရှိခဲ့လေသည်။ ဘကောင်းကား ဗမာ၊ ရခိုင်၊ ရှမ်း စသော အမျိုးသားတို့၏ ပင်ရင်းဌာန ဖြစ်ခဲ့လေသည်။ တကောင်းပြည်ကို ပထမတည်ထောင်သော မင်းကား အနောက် ကပိလဝတ်ပြည်မှလာသော ဟံသာဝတီမင်းမျိုး အဘိရာဇာမင်းကြီး ဖြစ်လေသည်။ အဘိရာဇာမင်းကြီး နတ်ပြည်စံတော်မူလျှင် သားတော်ကံရာဇာကြီး၊ ကံရာဇာငယ် မင်းညီနောင်နှစ်ပါးတို့ နန်းလုကြလေသည်။

ကံရာဇာကြီး၏ဘက်တော်သား စစ်သည်ဗိုလ်ပါအများနှင့် ကံရာဇာငယ်၏ဘက်တော်သား စစ်သည်ဗိုလ်ပါအများသည် ဓားကို အအိမ်မှချွတ်၍ လေးကို ကွေးကောင်တင်၍ ဆင်စွယ်ကို ချွန်၍ မြင်းကကိုပြင်၍ သူ့အနိုင်၊ ငါအနိုင် စစ်ပြိုင်ကြရန် စီစဉ်ကြလေသည်။ ထိုအခါ ပညာရှိကြီးများက ညီတော်နောင်တော်နှစ်ပါးထံ ချဉ်းကပ်ခစားကာ ဤသို့ လျှောက်ထားကြလေသည်။

"အရှင့်သားတို့၊ လက်နက်လေးမြားဖြင့် ရန်စစ်ထိုးလျှင် သတ္တဝါအများ ပျက်စီးပါလိမ့်မည်။ ကုသိုလ်စစ်ကိုသာ ထိုးတော်မူကြပါ"

မင်းညီနောင်နှစ်ပါးတို့လည်း "ကုသိုလ်စစ်ကို မည်သို့ထိုးရမည်နည်း" ဟု မေးလေသည်။

"အရှင့်သားတို့... မဏ္ဍပ်တစ်ဆောင်နှင့် ဘုရားတစ်ဆူစီကို တစ်ညဥ့်ချင်း

mgyoe.com

mgyoe.com
ပြီးအောင် တည်တော်မူကြပါ။ အလျင်ပြီးသောသူသည် ခမည်းတော်၏ ထီးမွေ နန်းမွေကို ဆက်ခံမင်းပြုတော်မူပါ”

ထိုအခါ မင်းညီနောင်နှစ်ပါးသည် တောင်းတစ်ယောက်တစ်လုံးစီယူ၍ မဏ္ဍာပ်နှင့် ဘုရားတည်ရန် စီရင်ကြကုန်၏။ နောင်တော် ကံရာဇာကြီးသည် တောတောင်ကိုလှည့်၍ သစ်ကြီး ဝါးကြီးများကို ရှာစေသည်။ ကျောက်တွင်းသို့ သွား၍ ကျောက်အုတ်များကို သယ်ယူစေသည်။ ထို့ကြောင့် တစ်ညကုန်မြောက်၍ အလင်းရောက်သော်လည်း ပန္နက်သဲကိုမျှ မစိုက်မီ အုတ်မြစ်ကိုမျှ မချမီရှိလေသည်။

ညီတော် ကံရာဇာငယ်မူကား သိမ်မွေ့ထိုးထွင်းသောဉာဏ်ရှိသူဖြစ်သောကြောင့် လက်နိုင်ခြေနိုင်သော သစ်ဝါးတို့ဖြင့် မဏ္ဍာပ်ကို ဆောက်စေ၍ ဘုရားကို ပြုလုပ်စေပြီးသော် အပေါ်က ဖျာပတ်လျက် ဖျင်ဖြူရစ်၍ ထုံးမွမ်းမံပြီးလျှင် ထီးတင်၍ ပြီးလေသည်။

နံနက်မိုးလင်းသောအခါ ညီတော်၏ တောင်ထိပ်တွင် မဏ္ဍာပ်ကြီးနှင့် စေတီတော်ကိုမြင်ရ၍ နောင်တော်၏ တောင်ထိပ်၌ ပန္နက်သဲအုတ်မြစ်ကိုမျှ ကောင်းစွာ မမြင်ရ ရှိလေသည်။ ထိုအခါ နောင်တော် ကံရာဇာကြီးက “ငါ့ညီအား ဘုန်းပညာနှင့် ပြည့်စုံလှပေသည်” ဟု မိန့်တော်မူ၍ ညီတော်အား ထီးနန်းကို အပ်နှင်းခဲ့ပြီးလျှင် ဆင်မြင်းဗိုလ်ပါအများ ခြံရံကာ ဖိုးခေါင်တောင်ရိုးကို ကျော်ဖြတ်လျက် ရခိုင်ပြည်ထဲသို့ ထွက်ခွာသွားလေသည်။ လမ်းတွင် ပြည်မြို့က ပျူကမ်းယံသက်တို့သည် မင်းလျာတောင်းလာသောကြောင့် သားတော်တစ်ပါးကို ပြည်တွင် မင်းပြုစေခဲ့၍ ရခိုင်ပြည်သို့ရောက်သောအခါ ရခိုင်နန်းရိုးသာကီမျိုးအဆက် မင်းသမီးသုနန္ဒရီနှင့် ဖွားတော်ငယ် ညီအစ်မနှစ်ပါးကို မိဖုရားမြှောက်လေသည်။ ထို့နောက် ဓညဝတီမြို့သစ်ကို တည်ထောင်၍ စံတော်မူရာ သာကီဝင်မင်းမျိုးတို့သည် ဆက်လက်ပွားများ စည်ကားလေသည်။

ကံရာဇာငယ်မင်းကြီးအား တကောင်းပြည်တွင် စံတော်မူရစ်ခဲ့၍ သူ၏ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့သည် အရှေ့ဘက် ရှမ်းပြည်များ၌ လည်းကောင်း၊ တောင်ဘက် ဗမာနိုင်ငံအတွင်း၌ လည်းကောင်း ဆက်လက် မင်းလုပ် အုပ်ချုပ်ကြလေသတည်း။ ။

❖

mgyoe.com

mgyoe.com

## ဥသျှောပဲခူးကို ဂျွမ်းစစ်သည်တို့ တိုက်စဉ်က

ဦးဘသောင်း

ဘစ်ခါက မွန်တို့၏နေရာဖြစ်သေး ဥသျှာပဲခူးသို့ နိုင်ငံခြားသား ဂျွမ်းစစ်သည် အများ ချီလာသည်။ ဥသျှာမင်းလည်း ဂျွမ်းစစ်သည်တို့နှင့်သော် အားချင်းမမျှဖြစ် သောကြောင့် ပုဂံအနော်ရထာ မင်းစောထံသို့ တမန်လွှတ်၍ "စစ်ကူပါလှည့်" ဟု လျှောက်စေသည်။ ထိုအခါ အနော်ရထာမင်းစောက လျှောက်လာသော တမန် တို့အား "ကောင်းပြီ၊ သင်တို့ဘုရင်အား 'စိတ်မပူလင့်၊ မြင်းသည်ကောင်း လေးသိန်း အကူလွှတ်လိုက်မည်' ဟု ပြောပါလေ။ သင်တို့လည်း စိတ်ချလက်ချသာ ပြန်ပေ တော့" ဟု ပြုံး၍မိန့်လိုက်သည်။ ပြီးမှ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့ကို ခေါ်၍ "အမောင်တို့၊ ငါတို့နှင့် တစ်သွေးတည်းဖြစ်သော မွန် တို့ကား ဂျွမ်းစစ်သည်တို့ရန်ကြောင့် အရေးကြုံ၍ နေရချေပြီ။ ငါတို့ကို အားကိုး အားထားပြုလျက် စစ်ကူတောင်းလာသည်။ မြင်းသည်ကောင်း လေးသိန်းအကူ လွှတ်လိုက်မည်ဟု မိန့်လိုက်ပြီးချေပြီ။ မြင်းသည်ကောင်းလေးသိန်းဟု ငါမိန့်လိုက် ခြင်းမှာ အခြားမဟုတ်။ သင်တို့လေးဦးကိုရည်၍ မိန့်လိုက်ခြင်းပင်ဖြစ်သည်။ သင် တို့လေးဦးကို ငါ ယုံလည်း ယုံသည်၊ အားလည်းကိုးသည်။ သင်တို့ အလိုရှိသည့် စစ်သည်တော်များကိုယူ၍ မွန်တို့အားကူပါလေ" ဟု မိန့်တော်မူသည်။ သူရဲကောင်း လေးဦးလည်း တညီတညွတ်တည်းပင် "မှန်ပါသည်။ အရေးကြီးက သွေးနှီးရတော့

mgyoe.com

မည်။ သို့ရာတွင် ဤအရေးမှာ အသေးအဖွဲမျှသာ ဖြစ်သောကြောင့် စစ်သည် အမြောက်အမြားမလိုပါ။ ခြေလျင်ရှစ်ကျိပ်ကိုသာ ပေးပါတော့" ဟု လျှောက်ကြသည်။

ဦးသာပဲခူးသို့ ရောက်သောအခါ ဦးသာမင်းသည် "မြင်းသည်ကောင်းလေးသိန်း လာစိမ့်မည်ဟူ၍ မှာတော်မူလိုက်သည်ကို မြင်းလေးစီးသာလာသည်" ဟု စိတ်မသက်မသာရှိလေသည်။ သို့ရာတွင် သူရဲကောင်းလေးဦးက "ကြည့်ပါဦး" ဟုဆို၍ အထူးထူးသောအစွမ်းသတ္တိတို့ကို သန္တာခင်း၊ ယာပြင် အစရှိသည်တို့၌ ပြမှ အားရတော်မူသည်။

များမကြာမီ ပွမ်းစစ်သည်တို့အား လေးစုကွဲအောင် အလယ်ကိုထွင်း၍ တိုက်ပြီးလျှင် ပွမ်းတို့၏ ဗိုလ်မှူးစစ်သူကြီးများဖြစ်သော အောက်ပြရံ၊ အောက်ပြရဲ၊ အောက်ပြဘုံ၊ အောက်ပြပိုက်တို့ကို အရှင်ဖမ်း၍ယူလေသည်။ ဗိုလ်မှူး စစ်သူကြီးတို့ အဖမ်းခံရသည်ကိုမြင်လျှင် ပွမ်းစစ်သည်တို့ ကစဥ့်ကရဲ ပြေးကြလေသည်။

ထိုအခါကျမှ ဦးသာမင်းသည် "နောင်တော် အနော်ရထာမင်းစော၏ ကျေးဇူး၊ သင်တို့၏ကျေးဇူး၊ ဗမာတို့၏ ကျေးဇူး ကြီးပေစွ။ မွန်တို့တစ်သက်တွင် မမေ့နိုင်တော့ပါ။ ကျေးဇူးဆပ်သည့်အနေဖြင့် သင်တို့၏ဘုရင် အနော်ရထာမင်းစောအား မွန်မင်းအဆက်ဆက် ရွှေကြုတ်တွင်ထည့်၍ ကိုးကွယ်သော ဆံတော်ဓာတ်နှင့်တကွ ကျွန်ုပ်၏ ရင်သွေးတော်ဖြစ်သော သမီးတော် မဏိစန္ဒာကို ဆက်ပါလေ" ဟု သူရဲကောင်းလေးဦးအား ဆုလာဘ်များစွာပေး၍ ပြန်စေသတည်း။ ။

❖

mgyoe.com

mgyoe.com

# ဗမာ့စပါးကျီ

ဦးဘသောင်း

ဆန်စပါးကို ဗမာတို့၏အသက် ဗမာနိုင်ငံတော်၏အသက်ဟု ဆိုနိုင်သည်။ ဗမာတို့၏အသက်ဟု ဆိုနိုင်ရခြင်းမှာ ဗမာတို့ ဆန်ကို အဓိကထား၍ စားသုံးမှီဝဲကြခြင်းကြောင့် ဖြစ်သည်။ ဗမာနိုင်ငံတော်၏ အသက်ဟု ဆိုနိုင်ရခြင်းမှာ ဗမာနိုင်ငံ၏ ထွက်ကုန်တို့တွင် အရေးအကြီးဆုံးသော ထွက်ကုန်ဖြစ်ခြင်းကြောင့် ဖြစ်သည်။

အထက်ဗမာနိုင်ငံတော်ရှိ ဆန်စပါးထွက်ရာ အရပ်တို့တွင် ကျောက်ဆည်လယ်တွင်း ကိုးခရိုင်သည် အထင်အရှားဆုံးဖြစ်သည်။ သို့ရာတွင် ကျောက်ဆည်လယ်တွင်း ကိုးခရိုင်မှာ မိုးရေအလုံအလောက်ရသောနေရာမဟုတ်။ ခြောက်သွေ့ပူပြင်းသောနေရာဖြစ်၏။ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဤအရပ်ကို ဆန်ရေစပါးပေါများရာ ဗမာနိုင်ငံတော်၏ 'စပါးကျီ' ဟု ခေါ်ဆိုရပါသနည်း။

သို့ခေါ်ဆိုရခြင်းအကြောင်းရင်းမှာ ရေလွှဲဆည်မြောင်း ကန်ချောင်းတို့ ရှိခြင်းကြောင့်တည်း။

ထိုရေလွှဲဆည်မြောင်း ကန်ချောင်းတို့ကို ရှေးဦးစွာ ပြုစုခဲ့သူမှာ အနော်ရထာမင်းစောဖြစ်သည်။ အနော်ရထာမင်းစောသည် နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးငှာ နိုင်ငံတော်စည်ပင်ဝပြောအောင် အစဉ်အားထုတ်နေသော မင်း ဖြစ်၏။ သထုံပြည်ကိုတိုက်စဉ်က အထူးကျွမ်းကျင်သော မွန်လက်မှုပညာသည်များကိုလည်း ရခဲ့

mgyoe.com

mgyoe.com
၏။ တိုင်းခန်းလှည့်လည်စဉ်က ရှမ်းနယ် တောင်ကုန်း၊ တောင်တန်း၊ တောင်ခါးပန်းတို့တွင် ရေကို တမံခတ်၍ လယ်ထဲသို့ ရေသွင်းပုံကိုလည်း မြင်ခဲ့၏။ အရပ်ရပ်တိုက်ပွဲများမှ မြောင်းတူး၊ မြေသယ်အလုပ်လုပ်ရန် သုံ့ပန်းစစ်သည်အများကိုလည်းဆောင်ခဲ့၏။ ထို့ကြောင့် ဤပညာသည်၊ ဤအကြံအစည်၊ ဤသုံ့ပန်းစစ်သည်တို့ကို စီစဉ်စုပေါင်း၍ ရေလွှဲဆည်မြောင်းကန်ချောင်းတို့ကို စတင်ပြုစုတော်မူလေသည်။

သို့စတင်ပြုတော်မူခိုက် တစ်ညဉ့်သော် မင်းကြီးသည် ကြီးစွာသော မြွေသုံးကောင်ကိုတွေ့၍ တောင်ဘက်မြွေကို လေးပိုင်းဖြတ်ဘိ၏။ အလယ်မြွေကိုသုံးပိုင်းဖြတ်ဘိ၏။ မြောက်ဘက်မြွေကိုမူကား ဖြတ်အံ့ဟု ရွယ်လျှင်ပင် အပြေးဦးသောကြောင့် မမိလိုက်ချေသည်ဟု အိပ်မက်မြင်တော်မူ၏။ နံနက်မိုးသောက်လတ်သော် အိပ်မက်ကို ကိုယ်တော်တိုင် ကောက်တော်မူပြီးလျှင် ရည်ရွယ်ရင်းရှိသောမြစ်သုံးမြွာအနက် မြောက်ဘက်ဆုံးဖြစ်သော *ပန်းလောင်မြစ်၌ ကင်းတားဆည်၊ ငနိုင်းသင်ဆည်၊ ပြောင်းပြာဆည်နှင့် ကူမည်းဆည်တို့ကို ဆည်တော်မူ၏။ အလယ်ဖြစ်သော **မက္ခရာမြစ်၌ နွားတက်ဆည်၊ ကွမ်းဆေးဆည်နှင့် ကူတော်ဆည်တို့ကို ဆည်တော်မူ၏။ မြောက်ဘက်ဆုံးဖြစ်သော မြစ်ငယ်မြစ်ကိုမူ ဆည်တော်မမူ။ ချန်လှပ်ခဲ့လေသည်။

အနော်ရထာမင်းစော နတ်ပြည်စံတော်မူသည့်နှစ်မှစ၍ ရေတွက်ခဲ့ပါမူ ယခုအခါသော် နှစ်ပေါင်းကိုးရာနီးပါးခန့်ရှိချေပြီ။ သို့ရာတွင် အနော်ရထာမင်းစောပြုစုခဲ့သည့် ရေလွှဲဆည်မြောင်း ကန်ချောင်းတို့ကိုကား ယခုထက်တိုင် ဗမာလူမျိုးတို့ အားထားအသုံးပြုလျက် ရှိကြသည်။ မိုးများသည်၊ မိုးပါးသည်မဟူ ဆည်ရေသောက် လယ်များကား အသီးအနှံ ဖွံ့ဖြိုးဖွံ့ဖြိုးလျက် ရှိ၏။ နောက်နှောင်းသောအခါတို့၌လည်း ဖွံ့ဖြိုးဖွံ့ဖြိုးလျက်ရှိမည်ပင် ဖြစ်သတည်း။ ။

❖

* ပန်းလောင်မြစ်ကို ပန်းရောင်မြစ်ဟုလည်း ခေါ်သည်။
** မက္ခရာမြစ်ကို ဇော်ဂျီမြစ်ဟုလည်း ခေါ်သည်။

mgyoe.com

mgyoe.com

## ကျန်စစ်သား ထီးနန်းရပုံ

ဦးဘသောင်း

အနော်ရထာမင်းစော နတ်ပြည်စံပြီးသည့်နောက် သားတော် စောလူးမင်းနန်းတက်လေသည်။ ထိုအခါ ခမည်းတော်၏လက်ရုံးဖြစ်သော ကျန်စစ်သားကိုလည်း အပါးတော်တွင်မြဲစေသည်။ အထိန်းတော်သား ငရမန်ကန်းကိုကား ဥဿာပဲခူးကိုစားစေသည်။ သို့ရာတွင် ကျေးဇူးသစ္စာကို မသိတတ်သော ငရမန်ကန်းသည် စောလူမင်းအား ပုန်ကန်လေသည်။

စောလူးမင်းသည် ငရမန်ကန်းကို နှိမ်နင်းရန် ကျန်စစ်သားကို အလျင်ချီစေ၍ မိမိကား နောက်တပ်မပြု၍ ချီတော်မူသည်။ သို့ရာတင် အကောက်ဉာဏ်များသော ငရမန်ကန်းသည် ဤသို့ကြံမိ၏။ "ကျန်စစ်သားကား စစ်ရေးစစ်ရာတွင် ကျွမ်းကျင်လှသည်။ ငါ မနိုင်သာ။ စောလူးကား စစ်ရေးစစ်ရာ၌လည်း ဖျင်းသည်။ သူ့ရသတ္တိလည်း ကင်းသည်။ သူ့ကို အလျင်ကြံလေမှ" ဟု နှလုံးထား၍ နီးကို ဆင်ရုပ်ပုံ ရက်စေပြီးသော် ပေါင်းဝန်းတင်လျက် လူရုပ်ကိုလည်း ဒိုင်းလွှားကာ ကိုင်ဟန်နှင့် ဆင်ခင်း မြင်းခင်းမသာ ရွံ့ညွန်များသောနေရာတွင် ထားသည်။ နောက်မှ ညဉ့်လရောင်ဝိုးဝါးတွင် စစ်ရေးငင်လေသည်။ ထိုအခါ စစ်ပရိယာယ် မကြွယ်ဝသော စောလူးမင်းသည် မစူးမစမ်း မဆင်မခြင်တိုက်သဖြင့် စီးတော်မူသော ဆင်တော် သန်လျင်စွာ ညွန်တွင်နစ်လျက် ဆင်ထက်မှသက်၍ ပြေးရသည်။

mgyoe.com

mgyoe.com
နောက် ညောင်ခေါင်း၌ ဝင်နေပြန်ရာ စားတော်သုံးနပ်မစားရ၍ ငတ်မွတ်တော်မူသောကြောင့် ညောင်ခေါင်းမှ ထွက်ခဲ့ပြီးလျှင် ထင်းခွေလာသော ငရမန်ကန်းတပ်သားတစ်ယောက်ကို အဖိုးအတိုင်းမသိသော လက်စွပ်ပေးမှ စားတော်ခေါ်ရသည်။ ထိုထင်းခွေယောကျ်ားလည်း "စောလူးမင်းနှင့်တွေ့ကြောင်း မည်သူ့အားမျှမပြောပါ" ဟု ကတိရှိပင်ရှိလင့်ကစား မျိုသိပ်၍ မထားနိုင်သောကြောင့် နောက်ဆုံးတွင် ငရမန်ကန်း သိလေသည်။ ထိုအခါကျမှ ထင်းခွေယောကျ်ားအား ညှပ်သွင်းစစ်ဆေးရာ စောလူးမင်း ပုန်းအောင်းရာနေရာကို ပြ၍ စောလူးမင်းကို ဖမ်းလေသည်။

ငရမန်ကန်းလက်သို့ မိမိ အရှင်ကျကြောင်းသိလျှင် ကျွန်စစ်သားသည် 'အခွင့်မသာသေး' ဟုကြံ၍ ပုဂံပြည်သို့ မြင်းနှင့် အပြင်းပြန်လာရာ မိုးသောက်လျှင် ရောက်သည်။ ထိုအခါ မှူးမတ်တို့က "အရှင် ယခုအခါ စောလူးမင်းလည်းသူ့လက်သို့ပါချေပြီ။ စောလူးမင်း မရှိသည့်နောက် ပုဂံပြည်ကြီးလည်း ထင်းအစည်းပြေသကဲ့သို့ ရှိတော့မည်။ ငရမန်ကန်း၏ ရန်ကိုလည်း ကြောက်ရပါသေးသည်။ အရှင်မှတစ်ပါး အားကိုးရာမရှိတော့ပါ။ ဤမင်းမြောက်တန်ဆာငါးပါးကိုဆင်၍ အရှင်ပင် မင်းပြုပါလေတော့" ဟု မင်းမြောက်တန်ဆာငါးပါးကို ဆက်လာသည်။ သို့ရာတွင် ကျေးဇူးသစ္စာကိုသိသော ကျွန်စစ်သားက "မှန်ပါသည်၊ သို့ရာတွင် ငါ့အရှင်ကား သူ့လက်သို့ကျကာမျှသာ ဖြစ်သည်။ ငါ့အရှင် အသက်မသေသေးသမျှ ငါ့အရှင်ပင်လျှင် မင်းဖြစ်လျက်ရှိသည်။ ငါ့အရှင်ကို ကယ်ရန်လည်း ငါ့ဝတ္တရားပင်ဖြစ်သည်။ ငါကြံဆောင်လေဦးမည်" ဟု ဆိုလျက် မင်းမြောက်တန်ဆာငါးပါးကို ရွှေစည်းခုံရှေ့တော်ဝယ်ထားခဲ့၍ စောလူးမင်းကို ကယ်ရန် သွားသည်။

တစ်ညဉ့်သော် အစောင့်အကြပ်ပါးခိုက် ကျွန်စစ်သားသည် စောလူးမင်းကို ထားရာမှာ ဝင်၍ ပခုံးထက်တွင်တင်ကာ ခိုးလေသည်။ သို့ရာတွင် စောလူးမင်း၏စိတ်၌ကား "ကျွန်စစ်သားသည် ငါ့ခမည်းတော် အနော်ရထာမင်းစော မျက်ဖူးသသူလည်း ဖြစ်သည်၊ ငါ မျက်ဖူးသသူလည်း ဖြစ်သည်။ ငါ့ကို မကောင်းကြံကာ ငါ့ထီးနန်းကို လုလို၍လည်း ဖြစ်နိုင်သည်။ ငရမန်ကန်းမှာမူ ငါ့အထိန်းတော်သားဖြစ်သည်။ နို့စို့ဘက်လည်းဖြစ်သည်။ ငါ့ကို မသတ်တန်ရာ" ဟုထင်၍ "ကျွန်စစ်သား... ငါ့ကိုခိုးသည်" ဟု အော်လေသည်။ ထိုအခါ ကျွန်စစ်သားက "ငါ့ရှင်၊

mgyoe.com

mgyoe.com
ငါ့ရှင်လွှတ်အောင် ငါ အပင်အပန်းကြဲပါလျက်နှင့် ငါ့အသက်ကို ရန်ရှာလေသည်။ ငါ့ရှင်ထိုက်နှင့် ငါ့ရှင်ကံပင်ရှိစေတော့” ဟုဆို၍ ပစ်ခဲ့ရသည်။ ငရမန်ကန်းလည်း စောလူးမင်းကို ကျန်စစ်သားပစ်ခဲ့၍ ရလျှင် “စောလူးသည် သူ့အား ကျေးဇူးပြု၍ အသက်နှင့်လဲသောသူကိုပင် မကောင်းထင်သေးသည်။ ငါ့ကိုမူကား အဘယ်ဆိုဖွယ် ရှိမည်နည်း။ သတ်လေမှ” ဟုဆင်ခြင်ကာ ပျူမင်းထီး ငှက်ကြီးခေါင်းမြှုပ်ရာ အနုရာဓဟူသောအရပ်၌ ကွပ်လေသည်။

များမကြာမီလည်း ကျန်စစ်သားသည် အလုံးအရင်းနှင့် ငရမန်ကန်းကို တိုက်လေသည်။ တိုက်သော် ငရမန်ကန်း မခံနိုင်၍ မြစ်ကြောင်းစုန်ပြေးရာတွင် မုဆိုးငစည့် လုပ်ကြံသဖြင့် အနိစ္စရောက်ရသည်။ စောလူးမင်း မရှိသည့်နောက် ကျန်စစ်သားလည်း “မင်း မရှိတော့ပြီ။ မှူးမတ်တို့ အလိုအတိုင်း ငါပင် ဆက်ခံပါတော့မည်” ဟုဆိုကာ နန်းတက်လေသည်။ ။

❖

mgyoe.com

mgyoe.com

# ပုဂံရွှေစည်းခုံ စေတီတော်

ဦးဝန်

အနော်ရထာမင်းကြီးသည် ရှင်အရဟံ၏ အဆုံးအမကို နာခံလျက် ပုဂံပြည်တွင် ဘုရားသာသနာအစစ်အမှန်ကို ပျိုးထောင်တော်မူလေပြီ။ ပိဋကတ်တော်တို့ကို ဆူရေများစွာ ရေးကူး၍ ပိဋကတ်တိုက်များတွင်ထားကာ သင်ကြားပြသပို့ချတော်မူစေပြီ။ သို့သော်လည်း နိုင်ငံနေအပေါင်းတို့ ဖူးမြော်ပူဇော်ရန် ဘုရားစေတီ အကြီးအကျယ် မတည်ရသေးချေ။ ထို့ကြောင့် ရှင်အရဟံနှင့်တိုင်ပင်ကာ သရေခေတ္တရာပြည်မှ ဘုရားသခင်၏ နဖူးသင်းကျစ်တော်ကို နေပြည်တော် ပုဂံသို့ ပင့်တော်မူသည်။ ဘုရားသခင်၏ စွယ်တော်ဓာတ်ကို သီဟိုဠ်မင်းထံမှ တောင်း၍ နေပြည်တော် ပုဂံသို့ ပင့်တော်မူသည်။

ထို့နောက် ဘုရားတည်ရန် ကောင်းမြတ်သောအရပ်ကို ရွေးတော်မူရာ ဧရာဝတီမြစ်ရေယဉ်ဖြင့် တင့်တယ်၍ ကိုင်းကျွန်းတို့ဖြင့် သာယာပြီးလျှင် ရေကျေး၊ ရေငှက်တို့ဖြင့် ပျော်ဖွယ်ကောင်းသော သဲခုံ သဲသောင် ဖြူဖြူဖွေးဖွေးအရပ်ကို ရွေးရတော်မူလေသည်။ ထိုအရပ်ကား သဲသောင်ပင်ဖြစ်လင့်ကစား ခဏမျှတည်၍ မြစ်ရေတွင် မျောပါပျက်စီးသွားတတ်သော ညှိမြေမဟုတ်။ တစ်ကမ္ဘာပတ်လုံး တည်မြဲတတ်သော ကျောက်မြေအတိဖြင့် ပြီးလေသည်။ ဤသို့ နှလုံးမွေ့လျော်ဖွယ် ကောင်းသော မြေမွန်မြေမြတ်ထက်တွင် သင်းကျစ်တော် စွယ်တော်များကို ဌာပနာ

mgyoe.com



ကျောက်အုတ်တို့ကို ကိုယ်စီကိုယ်ငှ လက်ဆင့်ကမ်းကြခြင်း

ကာ ဘုရားတည်တော်မူရာ ပစ္စယာသုံးဆင့်မျှ ပြီးရုံတွင် အနော်ရထာမင်းကြီး နတ်ပြည်စံတော်မူလေသည်။

ထိုအခါ သားတော် စောလူးမင်း နန်းတက်၏။ ခမည်းတော် တည်သော စေတီတော်ကိုကား ပြီးအောင် ဆက်လက်မတည်ချေ။ စောလူးမင်း မရှိနောက် ကျန်စစ်သားမင်း ထီးမွေနန်းမွေကို ခံတော်မူလေသည်။

တစ်နေ့သောအခါ ရှင်အရဟံသည် ပစ္စယာသုံးဆင့်မျှသာ ပြီးသေးသော ရွှေစည်းခုံစေတီကို ဖူးမြော်၍ စိတ်တွင် မသက်မသာရှိသဖြင့် နန်းတော်သို့ဝင်ပြီးလျှင် ကျန်စစ်သားမင်းကြီးအား ဤသို့ မိန့်တော်မူ၏။ "မင်းကြီးသည် အနော်ရထာမင်းစော အမွေကိုခံ၍ မင်းဖြစ်၏။ စည်းစိမ်ဥစ္စာ မွေ့လျော်သည်။ အနော်ရထာမင်းစော ကောင်းမှုကို ပြီးအောင်မလုပ်" ဟူ၍ အသွမ်းသွေးတော်မူ၏။

ထိုအခါ မင်းကြီး တွေးတော်မူ၏။ "ငါတို့ကား အနော်ရထာမင်းစော တည်ထောင်သော နိုင်ငံကို အမွေခံယူ၏။ အနော်ရထာမင်းစော ယူဆောင်ခဲ့သော သာသနာတော်မှန်ကို ယုံကြည်အားကိုး၏။ အနော်ရထာမင်းစော တူးသောကန်မှရေကို သောက်၏။ ဆည်သောမြစ်မှရေကို သွန်း၍ ကောက်ပဲစိုက်၏။ အနော်ရထာမင်းစော တည်၍မပြီးသေးသော စေတီတော်ကိုကား ဆက်လက်မပြုမိ။

mgyoe.com
မေ့လျော့ပေါ့ဆလေစွတကား။ စည်းခုံစေတီတော်ကို ငါတို့ ဆက်လက်၍ တည်အံ့။ ထီးမွေနန်းမွေကို ခံယူသော ငါတို့တွင်မက နိုင်ငံတော်အတွင်းရှိ အနော်ရထာမင်းစော ပြုစုခဲ့သော ကန်ချောင်း ဆည်မြောင်းတို့ကို အမှီပြု၍ အသက်မွေးသမျှသော နိုင်ငံတော်သူ နိုင်ငံတော်သားအပေါင်းကိုလည်း ကူညီဝိုင်းဝန်း တည်ဆောက်စေအံ့။ သို့မှသာလျှင် ငါတို့ အမွေခံထိုက်လေမည်။ တာဝန်ကျေလေမည်" ဟုသို့ မင်းကြီး တွေးတော်မူပြီးသော် တူးရှင်းတောင်ခြေ၌ရှိသော ကျောက်တို့ကို အလျားသုံးထွာ အနံတစ်ထွာ ရွေခြမ်းစေသည်။ ပြီးသောအခါ နိုင်ငံသူနိုင်ငံသားအပေါင်းကို ရုံးစုပြီးလျှင် ရွှေစည်းခုံဘုရားမှသည် တူးရှင်းတောင်တိုင်အောင် လူတို့ကို တစ်ဖက်နှစ်မြောင်းနေစေ၍ ထိုရွေခြမ်းသော ကျောက်အုတ်တို့ကို လက်ဆင့်ကမ်းရ၏။ ထိုအုတ်သယ်ပွဲကား ကြက်ပျံမကျ စည်ကားလေသည်။ လူအပေါင်းတို့သည် မိမိနှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားကို ကျေပွန်အောင် လုပ်ရသဖြင့် အားရနှစ်သက်ရှိကာ တူးရှင်းတောင်မှ ဧရာဝတီမြစ်တိုင်အောင် ကသူလည်း ကကြသည်။ သီသူလည်း သီကြသည်။ ကျွေးမွေးသူလည်း ကျွေးမွေးကြသည်။ မိမိတို့၏ ချွေးဖြင့်ရင်းနှီးကာ ရယူရသော ကုသိုလ်အဖို့ကိုလည်း တစ်ဦးနှင့်တစ်ဦး အမျှအတန်းဝေ၍ သာဓုခေါ်ကြသည်မှာ အသံမစဲ ဖြစ်လေသည်။ ကျန်စစ်သားမင်းကြီး ကိုယ်တော်တိုင်လည်း မိဖုရား၊ သားတော်၊ သမီးတော်များခြံရံကာ အုတ်သယ်ပွဲတွင် ဝင်ရောက်ကူညီ၍ နိုင်ငံသူနိုင်ငံသားများနှင့်အတူ အမျှဝေ သာဓု ခေါ်တော်မူလေသတည်း။ ။

❖

mgyoe.com

mgyoe.com

## စာပေအစ

### ဦးဝန်

သထုံပြည်သည် ပင်လယ်ကမ်းပါးတွင် တည်ရှိ၍ အိန္ဒိယတိုင်းသား ကုန်သည်များသည် သင်္ဘောကြီးများကို ရွက်လွှင့်ကာ သထုံပြည်သို့ ထွက်ဝင်သွားလာကြသည်။ အိန္ဒိယတိုင်းသား သံဃာတော်များလည်း သင်္ဘောစီးကာ သထုံပြည်သို့ လာရောက်၍ မွန်တို့ကို စာသင်ပေးကြလေသည်။ ထို့ကြောင့် သထုံပြည်သား မွန်များသည် စာရေးတတ်ကြသည်၊ စာဖတ်တတ်ကြသည်။

တစ်ဖန် မွန်အမျိုးသား ရှင်အရဟံသည် စာရေးစာဖတ်အတတ်ကို ပုဂံပြည်သို့ တစ်ဆင့်ယူသွားကာ ဗမာများကို စာသင်ပေးလေသည်။ ထိုအခါမှစ၍ ဗမာများ စာရေးတတ်လာကြလေသည်။ စာဖတ်တတ်လာကြလေသည်။

ယခုခေတ် စာလုံးများမှာ လပြည့်ဝန်းကဲ့သို့ ဝိုင်းဝိုင်းစက်စက် ဖြစ်သော်လည်း ပုဂံခေတ်က စာလုံးများမှာ မန်ကျည်းစေ့ကဲ့သို့ လေးထောင့် ဖြစ်လေသည်။ ထို့ကြောင့် မန်ကျည်းစေ့စာလုံးဟု ခေါ်ကြသည်။ ယခုအခါ စာကို စက္ကူပေါ်တွင် ရေးကြသည်။ စာရွက်ပေါ်တွင် ပုံနှိပ်ကြသည်။ ရှေးအခါကမူ ပေရွက်၊ ထန်းရွက်များပေါ်တွင် ရေးကြသည်။ ယခုအခါ စက္ကူများကို စုပေါင်း၍ စာအုပ်ဖြစ်အောင် ချုပ်ကြသော်လည်း ရှေးအခါကမူ ပေရွက်၊ ထန်းရွက်များကို ထပ်ကာ ပျဉ်ပြား ရှည်နှစ်ခုကြားတွင် ညှပ်၍ အပေါ်က ကြိုးနှင့် ချည်ကြသည်။ ဤပျဉ်ပြားရှည်များ

mgyoe.com

mgyoe.com



mgyoe.com

 mgyoe.com 

ကို လက်ပံသားနှင့် လုပ်လေ့ရှိသည်။ ကျမ်းဟူ၍ခေါ်သည်။ လှပအောင် ဆေးခြယ် ထားတတ်ကြသည်။ တစ်ခါတစ်ရံ ရှင်ဘုရင်များသည် ရွှေပကတိကို ပေရွက်ပုံ လုပ်၍ စာရေးပြီးလျှင် ကျမ်းထဲတွင်ထည့်ကာ ရွှေချည်ဖြင့် ချည်ထားတတ်သည်။ ယခုအခါ စာအုပ်များကို မှန်ဗီရိုထဲတွင် ထည့်ထားကြသကဲ့သို့ ရှေးအခါက ပေစာ အထုပ်များကို ရွှေတလားခေါ်သော သစ်သားသေတ္တာရှည်ကြီးများတွင် တရိုတသေ သိမ်းဆည်းထားကြသည်။ ဤရွှေတလားကြီးများကိုကား ကုလားကျောင်း ခေါ် သော အုတ်တိုက်ကြီးများတွင် သိမ်းထားကြသည်။

ပုဂံပြည်သားတို့သည် ရွှေပြားပေရွက်တို့တွင်သာ စာရေးသည် မဟုတ်။ ဂူဘုရား၏နံရံပေါ်တွင်လည်း မင်ဖြင့် ရေးကြသေးသည်။ ကျောက်ပြားကြီး များပေါ်တွင်လည်း ဆောက်ဖြင့် ထုထွင်းကြသေးသည်။ ဤမင်စာနှင့် ကျောက်စာ များကို ပုဂံပြည်တွင် ယနေ့တိုင်အောင် ဖတ်နိုင်ပါသည်။

ပုဂံပြည်သားတို့သည် ဗမာစာမှတစ်ပါး အခြားစာများကိုလည်း တတ်ကြ သေးသည်။ ပျူစာ၊ မွန်စာ၊ ပါဠိစာ၊ သက္ကတစာများမှာ ပုဂံပြည်ရှိ စာသင်ကျောင်း များတွင် သင်ကြားရသော မျိုးခြားစာများ ဖြစ်ကြသည်။ ဤစာအမျိုးမျိုးဖြင့် '၅၅၀' ဇာတ်တော်ကြီး၊ ပိဋကတ်သုံးပုံနှင့် အခြား ပုံဝတ္ထုအများကို ရေးသားကြရာ ကျန်စစ်သားမင်းကြီးနှင့် သားတော် ရာဇကုမာရ်မင်းသားအကြောင်း ပုံဝတ္ထုမှာ အလွန်ချစ်စရာကောင်းလေသည်။ ။

❖

mgyoe.com

mgyoe.com

# ကျန်စစ်သားနှင့် ရာဇကုမာရ်

ဦးဘသောင်း

ပုဂံပြည်တွင် မြစေတီ ဟူ၍ ဘုရားတစ်ဆူရှိသည်။ ထိုဘုရား၏ တံတိုင်းအတွင်း၌ လေးထောင့်ကျောက်တိုင်တစ်ခုရှိသည်။ ထိုကျောက်တိုင်၏ လေးမျက်နှာကို ပါဠိ၊ ပျူ၊ မွန်၊ မြန်မာ စာလေးမျိုးဖြင့် ရေးထိုးထားသည်။ ထိုကျောက်စာကို မြစေတီ ဘုရားအား အစွဲပြု၍ မြစေတီကျောက်စာဟု ခေါ်ကြသည်။ မြစေတီကျောက်စာ တွင်ပါသော ခမည်းတော် ကျန်စစ်သားမင်းကြီးနှင့် သားတော် ရာဇကုမာရ်တို့၏ အကြောင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ကျန်စစ်သားမင်းကြီးတွင် ဦးဆောက်ပန်းအမည်ရှိသော မိဖုရားတစ်ပါး ရှိလေသည်။ မင်းကြီးသည် ထိုမိဖုရားကို အလွန်မြတ်နိုးသောကြောင့် ကျွန်ရွာသုံးရွာ ပေးသနားလေသည်။ မိဖုရား ဦးဆောက်ပန်းမှ သားတော်တစ်ပါးဖွားမြင်ရာ ရာဇကုမာရ် ဟု ခေါ်လေသည်။ မိဖုရားနှင့် သားတော်ကို အလွန်ချစ်သောကြောင့် အစစ အရာရာတွင် ကြည့်ရှုစောင့်ရှောက်တော်မူသည်။ အိမ်တော်ကောင်းကောင်းပေး၍ နေစေသည်။ လယ်တော်ကောင်းကောင်းပေး၍ စားစေသည်။ ဝေါတော် ယာဉ် တော်ကောင်းကောင်းပေး၍ စီးစေသည်။

တစ်နေ့သောအခါ မိဖုရား ဦးဆောက်ပန်း နတ်ရွာစံလေရာ မင်းကြီးသည် မိဖုရားစားသော ကျွန်ရွာသုံးရွာနှင့် လယ်ပယ်ပစ္စည်းဥစ္စာအားလုံးကို သားတော် အား သနားတော်မူလေသည်။ သားတော် ရာဇကုမာရ်လည်း ခမည်းတော်မင်းကြီး က ဤသို့ ကျွေးမွေးပြုစုသော ကျေးဇူးတို့ကို မည်သို့ ပြန်လည်ဆပ်ရပါမည်နည်းဟု အမြဲ တွေးတောနေလေသည်။

mgyoe.com

mgyoe.com


ကျန်စစ်သားမင်းကြီးသည် သာသနာရေးအတွက် ဘုရားများကို တည်သည်။ ကျောင်းများကို ဆောက်သည်။ ပိဋကတ်စာပေများကို ရေးကူးသည်။ နိုင်ငံသူ နိုင်ငံသားများအတွက် ဆည်မြောင်းများကို တူးဖောက်ဆည်ဖို့သည်။ လယ်တော်ပယ်တော်များကို တီထွင်သည်။ ရေတွင်းရေကန်များကို တူးယက် ပြုစုသည်။ ဤသို့ဖြင့် အနှစ်သုံးဆယ်ခန့် မင်းပြုပြီးသောအခါ တစ်နေ့တွင် ကြီးစွာ နာမကျန်း ရှိလေသည်။

ထိုအခါ ရာဇကုမာရ်မင်းသားသည် "ခမည်းတော်၏ ကျေးဇူးကို ဆပ်ဖို့ရန် အခွင့်ရပြီ" ဟု အောက်မေ့ကာ ရွှေဆင်းတုတစ်ဆူကို သွန်းလုပ်၍ မင်းကြီး၏ ရှေ့တော်သို့ ပင့်ယူသွားပြီးလျှင် မင်းကြီးအား ဤသို့ လျှောက်လေသည်။

"ခမည်းတော်မင်းကြီး၊ ခမည်းတော်၏ ကျေးဇူးကား အတိုင်းမသိအောင် ကြီးပါပေသည်။ မယ်တော် ဦးဆောက်ပန်းရှိစဉ်က ခမည်းတော်သည် မယ်တော်အား ကျွန်သုံးရွာကို သနားတော်မူပါသည်။ မယ်တော်မရှိသည့်နောက် ထိုကျွန်သုံးရွာကို ကျွန်တော့်အား သနားတော်မူပြန်ပါသည်။ ဤသို့သော ကျေးဇူးတော်တို့ကို အောက်မေ့ကာ ခမည်းတော်အတွက် ဤရွှေဆင်းတုကို ကျွန်တော် သွန်းလုပ်၍ လှူပါသည်" ဟု လျှောက်လေသည်။

ထိုအခါ မင်းကြီးသည် သားတော်၏ကျေးဇူး သိတတ်ပုံကို သိရ၍ များစွာ ဝမ်းသာတော်မူသည်။ နတ်ရွာစံ မိဖုရား ဦးဆောက်ပန်းကို သတိရ၍လည်း များစွာ တသတော်မူသည်။ ထို့နောက် ဣန္ဒြေကို ဆည်တော်မူ၍ "သားတော်... ကောင်းပေစွ၊ ကောင်းပေစွ" ဟု ကောင်းချီးပေး၍ သာဓုခေါ်လေသည်။ ထိုအခါ သားတော်က "ခမည်းတော်မင်းကြီး၊ ခမည်းတော် ပေးသနားတော်မူသည့် ကျွန်သုံးရွာကိုလည်း ဤရွှေဘုရားအား ကျွန်တော် လှူပါ၏" ဟု လျှောက်ပြန်ပြီးလျှင် ဆရာတော်ကြီးများရှေ့တွင် မင်းကြီးအား ရေစက်သွန်းချ လှူဒါန်းရန် တောင်းပန်လေသည်။ ရေစက်ချပြီးသောအခါ ရာဇကုမာရ်မင်းသားသည် ဂူဘုရားတစ်ဆူတည်၍ ဤရွှေဆင်းတုကို ဌာပနာလိုက်လေသည်။ မင်းကြီးလည်း သားတော် ရာဇကုမာရ်၏ ကျေးဇူးသိတတ်ပုံကို တစိမ့်စိမ့်တွေးရင်း မိဖုရား ဦးဆောက်ပန်းကိုလည်း အောက်မေ့ကာ ချမ်းသာစွာပင် နတ်ပြည်စံသွားရှာလေသတည်း။ ။

❖

mgyoe.com

mgyoe.com

# အလောင်းစည်သူမင်းကြီး

ဦးဘသောင်း

သက္ကရာဇ် ၄၅၄ ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသော အလောင်းစည်သူမင်းကြီးသည် တစ်ရံခါသော် ဗိုလ်ရှုသဘင် ခံနေတော်မူခိုက် လက်ရုံးဆန့်တန်း၍ သန်းဝေတော်မူလေသည်။ ထိုအခြင်းအရာကို အမှူးအမတ်တို့မြင်၍ ပြုံးလျှင် "ငါ့ကို အိုမစွမ်းရှိပြီဟု အမတ်တို့ ရယ်ကြသည်။ သိစေအံ့" ဟုကြံ၍ တစ်နေ့သ၌ ထိုအမှူးအမတ်တို့အား "ဟယ်အမတ်တို့၊ ယောကျ်ားတစ်ယောက်သည် ဦးပေါင်းကျားနှင့်မြင်းကျားစီး၍ တူးရွှင်းတောင်ခြေရင်းတွင် နေဝင်တိုင်း နေဝင်တိုင်း အနိုင်အထက် လုယက်ဖျက်ဆီးနေသည်ကို နင်တို့မသိလော။ ယခုပင် အမတ်စစ်သူကြီးလေးယောက် သွား၍ ဖမ်းကြချေ။ ဖမ်း၍မရသော် နင်တို့ကို သတ်အံ့" ဟု မိန့်တော်မူလေ၏။

အမတ်စစ်သူကြီးလေးယောက်လည်း ခိုးသူကို ဖမ်းရမည်ဟု ဝမ်းပန်းတသာဖြင့် မြင်းကောင်းလေးစီးကို စီး၍ ထွက်၏။ မင်းကြီးကမူ မြင်းရွှေ 'ပန်းစာပွင့်' ကို ဝမ်းတွင် ဝတ်လုံဖြူရစ်ပြီးသော် နေဝင်ရီတရောအချိန် အိမ်ဓားကို လွယ်လျက် တူရွှင်းတောင်ခြေရင်းသို့ ထွက်ခဲ့၏။ အမတ်စစ်သူကြီးလေးယောက်တို့ မင်းကြီးကိုမြင်လျှင် ခိုးသူဟုထင်၍ လိုက်ကြ၏။ မင်းကြီးလည်း ဦးစွာ ချဉ်းတုံ နွာတုံပြု၍ မြင်းပန်းသောအခါ ညောင်ဦးကမ်းပါးသို့ဆင်း၍ ရေချတော်မူလေသည်။